# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ လွှတ်တော် ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နေချိန်တွင် လိုက်လံစုံစမ်း၊ မေးမြန်း သတင်းရယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | (ခ) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ တာဝန်ထမ်းဆောင်မှု ကာလ တစ်ပြေးညီသတ်မှတ်ပေးရန်နှင့် မိုင်းခတ်မြို့နယ် အပါအဝင် ဒေသ အသီး သီးတွင် ဝန်ထမ်းအင်အား ပြန်လည် ဖြည့်တင်း ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | (ဂ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ ရွှေတောင်မြို့နယ် အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်း ပြုလုပ်နေသော မြစ်ကျောက် လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက် များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်း ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၁၄ |
| ၈ | (ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ မြန်မာနိုင်ငံ၏ အနောက်ဘက် နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ သော တယ်လီဖုန်း (Sim Card) များကို မောင်တော၊ ဘူးသီးတောင် မြို့နယ်များ၌ တွင်ကျယ်စွာ သုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် | ၁၉ |

အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ မင်းတပ်မြို့နယ်ရှိ
မကွီအိမ်နူး ကျေးရွာအုပ်စုအား မကွီအိမ်နူး၊ ကြုံလောင်၊ ထိန်ပြူး၊ ဗွီနူး
၉ စသဖြင့် ရပ်ကွက် လေးရပ်ကွက်ပါသော မကွီအိမ်နူးမြို့အဖြစ် အဆင့်တိုးမြှင့် ၂၁
ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏
၁၀ နေအိမ်အဆောက်အဦများအား သပ်ရပ်ကျယ်ဝန်းသော အဆင့်မီသည့်
နေအိမ်များအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် ၂၅
စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ ပြည်ထဲရေး
ဝန်ကြီးဌာနအနေနှင့် ရပ်ကွက် (သို့) ကျေးရွာအုပ်စုများ၌ ပြုစုထားရှိရမည့်
စာရင်းဇယား များကို တိကျမှန်ကန်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်
၁၁ ကျေးရွာစာရေးများကို မည်ကဲ့သို့ ဆောင်ရွက်ရန် ညွှန်ကြားထားပါ ၂၈
ကြောင်းနှင့် ရုံးပုံမှန်မတက်သော ဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူ
ဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ ရဲတပ်ဖွဲ့အင်အားအနေအထားအရ
ရာခိုင်နှုန်းမည်မျှထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားပေးနိုင်ခြင်း ရှိ၊မရှိ၊
ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေသော အမှုများ၏ အဓိကအခက်အခဲ နှင့်
ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း ရှိ၊ မရှိ၊ မှုခင်း
၁၂ ကျဆင်းရေး အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ၊ မရှိ၊ ၃၃
ပြေး(၄)ပြေးနှင့် ပတ်သက်၍ မည်သည့်အစီအမံများ ချမှတ် ဆောင်ရွက်
မည်ဖြစ်ကြောင်း ရှင်းလင်း ချပြနိုင်ခြင်း ရှိ၊ မရှိ တို့ကို သိလိုခြင်း နှင့်
စပ်လျဉ်းသည့် မေးခွန်း၊

ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က "တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်း
နေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စု တရား
၁၃ လွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်" အဆို တင်သွင်းခြင်းနှင့် လက်ခံ ၃၉
ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

| | | |
|---|---|---|
| ၁၄ | ပြည်ထဲရေးဝန်ကြီးဌာနက "တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊ | ၄၅ |
| ၁၅ | "တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊ | ၄၈ |
| ၁၆ | ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် "တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း" ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ | ၅၄ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၅၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၁၀–၂–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နေချိန်တွင် လိုက်လံစုံစမ်း၊ မေးမြန်း သတင်း ရယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ၊ ဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ တာဝန်ထမ်းဆောင်မှု ကာလ တစ်ပြေးညီသတ်မှတ်ပေးရန်နှင့် မိုင်းခတ်မြို့နယ် အပါအဝင် ဒေသအသီးသီးတွင် ဝန်ထမ်းအင်အား ပြန်လည် ဖြည့်တင်း ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ် အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်း ပြုလုပ်နေသော မြစ်ကျောက်လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော တယ်လီဖုန်း (Sim Card) များကို မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၌ တွင်ကျယ်စွာ သုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်ရှိ မကွီအိမ်နူးကျေးရွာအုပ်စုအား မကွီအိမ်နူး၊ ကြုံလောင်၊ ထိန်ပြူး၊ ဗွီနူး စသဖြင့် ရပ်ကွက် လေးရပ်ကွက်ပါသော မကွီအိမ်နူးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်အဆောက်အဦများအား သပ်ရပ်ကျယ်ဝန်းသော အဆင့်မီသည့် နေအိမ်များအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် ရပ်ကွက် (သို့) ကျေးရွာအုပ်စုများ၌ ပြုစုထားရှိရမည့် စာရင်းဇယားများကို တိကျမှန်ကန်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်**

**ကျေးရွာစာရေးများကို မည်ကဲ့သို့ ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်းနှင့် ရုံးပုံမှန်မတက်သော ဝန်ထမ်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ရဲတပ်ဖွဲ့အင်အားအနေအထားအရ ရာခိုင်နှုန်းမည်မျှထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားပေးနိုင်ခြင်း ရှိ၊မရှိ၊ ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေသော အမှုများ၏ အဓိကအခက်အခဲနှင့် ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း ရှိ၊ မရှိ၊ မူခင်းကျဆင်းရေး အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ၊ မရှိ၊ ပြေး(၄)ပြေးနှင့် ပတ်သက်၍ မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်း ချပြနိုင်ခြင်း ရှိ၊ မရှိ တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **"တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ တိုက်တွန်းသည့်"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်ထဲရေးဝန်ကြီးဌာနက **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊

(၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၅ ရက်၊

(၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၈) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၈ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် ခွင့် ၁ ရက်၊

(၁၁) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်နှင့်

(၁၂) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်နေချိန်တွင် လိုက်လံစုံစမ်း၊ မေးမြန်းသတင်းယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ရဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ထမ်းဆောင်နေချိန်တွင် ကိုယ်စားလှယ်များ၏လှုပ်ရှားဆောင်ရွက်မှုများကို တိုးတိုးတိတ်တိတ်ဖြစ်စေ၊ ပေါ်ပေါ်တင်တင်ဖြစ်စေ နောက်မှလိုက်လံစုံစမ်းမေးမြန်းသတင်းယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ/မရှိနှင့် ရှိနေပါက အဘယ်ကြောင့်တာဝန်ပေးထားသည်ကို သိလိုခြင်းနှင့် ထိုကိစ္စကိုတားမြစ်ပေးရန် မည်သို့ပြုလုပ်ရမည်ကို သိလိုပါကြောင်း မေးမြန်းလိုခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ မိမိတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့တာဝန်များဖြစ်တဲ့ နိုင်ငံသားများရဲ့မူလအခွင့်အရေးရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်း၊ မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊ လွှတ်တော်ကပေးအပ်သော အခြား

တာဝန်များကို ထမ်းဆောင်ခြင်း အစရှိသည့် တာဝန်များကို ထမ်းဆောင်ကြရပါတယ်။ အဲဒီလိုတာဝန် ထမ်းဆောင်တဲ့အခါမှာ အုပ်ချုပ်ရေး၊ လုံခြုံရေးတာဝန်ယူထားတဲ့အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တချို့ဟာ ကိုယ်စားလှယ်များရဲ့ လွတ်လပ်မှုနှင့် လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် ဂုဏ်သိက္ခာ ကိုထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ အသံဖမ်းခြင်း၊ ဓာတ်ပုံရယူခြင်းတို့အပြင် တစ်ခါတစ်ရံမှာ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့တဲ့ ပြည်သူလူထုကို ဘယ့်အတွက်ကြောင့် တွေ့ဆုံခဲ့သလဲ။ ဘာတွေပြောခဲ့သလဲလို့ အမြဲလိုလိုစုံစမ်းထောက်လှမ်း လျက်ရှိပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ နိုင်ငံသားတို့ရဲ့မူလအခွင့်အရေး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအခွင့်အရေး များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေသလို ခံစားနေရပါတယ်။ ဒါတွေဟာ တစ်ချိန်က အာဏာ ရှင်စနစ်ဆိုးများက ဒီမိုကရေစီလိုလားသူများနှင့် လူထုကိုဖိနှိပ်ဖို့ ကျင့်သုံးခဲ့တဲ့ပုံစံတွေဖြစ်ပါတယ်။ ဒါ့အပြင် အရေးကြီးတဲ့ နိုင်ငံရေးနယ်ပယ်က ပုဂ္ဂိုလ်များရဲ့ တယ်လီဖုန်းများကိုလည်း ကြားဖြတ် နားထောင်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နှစ်ပေါင်းများစွာ ဒီလိုပုံစံတွေနဲ့ဆက်ဆံခံခဲ့ရတဲ့သူတွေ ဖြစ်ပါတယ်။ ဒီနေ့ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် ဦးတည်ဆောင်ရွက်နေတဲ့ ပြည်သူလူထု ရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရလက်ထက်မှာ ယခုလိုလုပ်ရပ်မျိုးဟာ အာဏာရှင်စနစ်ဆိုးကို ပြန်လည် အသက်သွင်းဖို့ ဦးတည်နေသလားဟု သံသယဖြစ်စရာဖြစ်နေပါတယ်။ အကယ်၍ ဒီလိုကိစ္စမျိုး လိုအပ် တယ်ဆိုရင်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စား လှယ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန် ထမ်းဆောင်နေချိန်တွင် ကိုယ်စားလှယ်များ၏လှုပ်ရှားဆောင်ရွက်မှုများကို တိုးတိုးတိတ်တိတ်ဖြစ်စေ၊ ပေါ်ပေါ်တင်တင်ဖြစ်စေ နောက်မှလိုက်လံစုံစမ်းမေးမြန်းသတင်းယူနေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို မည်သည့်တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ တာဝန်ပေးထားခြင်းရှိ/မရှိနှင့် ရှိနေပါက အဘယ်ကြောင့် တာဝန်ပေးထားသည်ကို သိလိုခြင်းနှင့် ထိုကိစ္စအားတားမြစ်ရန် မည်သို့ပြုလုပ်ရမည် ကို သိလိုကြောင်း မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ ဖော်ပြထားရာမှာ ပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်အခွင့်အရေးများရှိကြောင်း ဖော်ပြပါရှိပါတယ်။ ထိုအခွင့်အရေးများကိုဆောင်ရွက်ရာတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံမှုရှိရေးနှင့် လူမှုပတ်ဝန်းကျင်၏လုံခြုံမှုရှိရေးဟာအဓိကကျပြီး လုံခြုံမှုရှိမှသာလျှင် မိမိတို့ဆောင်ရွက်လိုတဲ့ကိစ္စများကို အနှောင့်အယှက်ကင်းစွာဖြင့်ချောချောမွေ့မွေ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်အရွေးခံမယ့်ကိုယ်စားလှယ်လောင်းတွေဟာ အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်ပြကြရပါတယ်။ ထိုသို့ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမယ့် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းရှိ/မရှိစိစစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားမှုများ ပြုလုပ်လေ့ရှိပါတယ်။ ထိုသို့အကြောင်းကြားမှုများ လက်ခံရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းရှိ/မရှိ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များသို့ စစ်ဆေးစေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်တင်ပြလေ့ရှိပါတယ်။ အဆိုပါကိစ္စမှလွဲ၍

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို လိုက်လံစုံစမ်းခြင်း၊ သတင်းရယူခြင်းများမရှိပါ။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ထမ်းဆောင်နေချိန် ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုများကို တိုးတိုးတိတ်တိတ်ဖြစ်စေ၊ ပေါ်ပေါ်တင်တင်ဖြစ်စေ နောက်မှလိုက်လံစုံစမ်းသတင်းမေးမြန်းရယူရန် တာဝန်ပေးထားခြင်း၊ ဆောင်ရွက်စေခြင်းများမရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ဟုတ်ကဲ့။ ယခုလို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေကြားတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း ရှင်းရှင်းလင်းလင်းသိရှိသွားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဟာက လွှတ်တော်ဖြစ်တဲ့အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေ ထည့်မပြောချင်တဲ့အတွက် ကျွန်တော် တစ်ဦးတည်းမှာပင် သက်သေအထောက်အထားများစွာရှိပါတယ်။ ဒါကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနကို ပြီးရင် လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူကနေ ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ်များအား ခုနကပြောသလို လွှတ်တော်ကိုယ်စားလှယ်ရဲ့တာဝန်တွေကို ထမ်းဆောင်တဲ့အချိန်မှာ အခုလို နှောင့်ယှက်ခြိမ်းခြောက်၊ နှောင့်ယှက်နေခြင်းဟာ ကိုယ်စားလှယ်တွေကို ခြိမ်းခြောက်သလိုဖြစ်သလို ကိုယ်စားလှယ်ရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပါတယ်။ ဒါ့အပြင် ပြည်သူက ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူလူထုကို တိုက်ရိုက်ခြိမ်းခြောက်သလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဟာကို ဒီအစည်းအဝေးကြီးပြီးတဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်တော် အထောက်အထားများ လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီ ခုနက ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းသွားတဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတွေ စည်းကမ်းစနစ်တကျနဲ့ ဥပဒေနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ ကူညီပံ့ပိုးပေးရာ ဒါကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပြီးတော့ ပြည်သူတွေရဲ့မဲဆန္ဒနဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ အတည်ပြုချက်နဲ့ ကိုယ်စားလှယ်ဖြစ်လာပြီဆိုရင်တော့ ကိုယ်စားလှယ်ရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေရှိပါတယ်။ ရပိုင်ခွင့်တွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကိုယ်စားလှယ်ရဲ့ရပိုင်ခွင့်နဲ့၊ လုပ်ပိုင်ခွင့်နဲ့၊ တာဝန်တွေကိုလည်း အခုနက သက်ဆိုင်ရာအဖွဲ့အစည်းက လေးစားလိုက်နာဖို့တော့ လိုပါတယ်။ တကယ်လို့ လေးစားလိုက်နာမှုမရှိဘူးဆိုရင် အခုနက မေးခွန်းရှင် ကိုယ်စားလှယ်ပြောသလို အချက်အလက်အတိအကျအထောက်အထားနဲ့ ပေးပို့ပါ။ အခုနက သက်ဆိုင်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို ပေးပို့သလို ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ လွှတ်တော်အခွင့်အရေးကော်မတီဆိုတာ ရှိပါတယ်။ ဒါ လွှတ်တော်အခွင့်အရေးကော်မတီက လွှတ်တော်ကိုယ်စားလှယ်အားလုံးနဲ့ ဆိုင်ပါတယ်။ ဒါကိုလည်း ပေးပို့ပါ။ ပြီးရင် ကျွန်တော်တို့ သိအောင်လည်းပေးပါ။ နိုင်ငံသားတစ်ယောက်ရဲ့ လွတ်လပ်မှုနဲ့ လုံခြုံမှုဥပဒေဌာန်းဖို့လိုတယ်ဆိုတာ အဲဒါတွေပါ။ အခုဟာက နိုင်ငံသားတစ်ယောက် မဟုတ်ပါဘူး။ ကိုယ်စားလှယ်ပါ။ ကိုယ်စားလှယ်ဆိုတာ ဥပဒေအရ ပေးထားကတည်းကိုက တိုင်းပြည်ရဲ့တာဝန်ပေးထားတယ်။ ပြီးရင် ဂုဏ်သိက္ခာနဲ့ညီတဲ့ပုဂ္ဂိုလ်တွေအဖြစ် သတ်မှတ်ထားတယ်။ နောက်တစ်ခုက တန်ဖိုးထားလေးစားရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ရှိတယ်။ ဒါကြောင့်မို့လို့ ဒီလို ဂုဏ်သိက္ခာနဲ့ညီတဲ့ တန်ဖိုးထားလေးစားရမယ့် ကိုယ်စားလှယ်တွေကို ဒီလိုလုပ်တယ်ဆိုရင် အထောက်အထားခိုင်ခိုင်လုံလုံနဲ့ပေးပါ။ ကျွန်တော်တို့ကိုလည်းပေးပါ။ လွှတ်တော်အခွင့်အရေးကော်မတီကိုလည်းပေးပါ။ သက်ဆိုင်ရာဌာနဆိုင်ရာ သက်ဆိုင်ရာဝန်ကြီးဌာနလည်း ပေးပါ။

နောက်တစ်ခုက တစ်ဆက်တစ်စပ်တည်း ဒီမှာ ကျွန်တော် တစ်ခါတည်းပဲ ဥပဒေကြမ်းကော်မတီကိုအသိပေးချင်ပါတယ်။ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံခွင့်ဥပဒေကို ဒီ စတုတ္ထပုံမှန်အစည်းအဝေးမှာ ပြီးချင်ပါတယ်။ ပြီးအောင် ကြိုးစားပေးပါ။ ဒါဟာ ဒုတိယပုံမှန်ကတည်းက နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသားတွေအတွက်၊ ကိုယ်စားလှယ်တွေအတွက်တင်မဟုတ်ဘူး။ လိုအပ်လို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ တတိယပုံမှန်မှာမပြီးသွားဘူး။ ဒုတိယပုံမှန်က စတာ။ အခု စတုတ္ထပုံမှန်မှာတော့ ဒီ Session မှာတော့ ပြီးချင်ပါတယ်။ အဲဒါ ဥပဒေကြမ်းကော်မတီအနေနဲ့ အထူးအလေးအနက်ထားပြီး ကြိုးစားပေးပါ။ ဒါကိုလည်း ကျွန်တော် တစ်ဆက်တည်း ပြောချင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ၊ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ တာဝန်ထမ်းဆောင်မှုကာလ တစ်ပြေးညီသတ်မှတ်ပေးရန်နှင့် မိုင်းခတ်မြို့နယ်အပါအဝင် ဒေသအသီးသီးတွင် ဝန်ထမ်းအင်အား ပြန်လည်ဖြည့်တင်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသ အသီးသီးတွင် တာဝန်ထမ်းဆောင်ရာ၌ တာဝန်ထမ်းဆောင်မှုကာလ သတ်မှတ်ချက်အားလုံး တစ်ပြေးညီသတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ ဒုတိယမေးခွန်းကတော့ ဝန်ထမ်းအင်အားများ ပြတ်လပ်နေမှု၊ အခြားသို့ တွဲဖက်တာဝန်ချထားမှုအပေါ် ဝန်ထမ်းအင်အားပြန်လည်ဖြည့်တင်းပေးနိုင် ခြင်း အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်တွင် ပါဝင် သည့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဝေးလံခေါင်သီတောင်ပေါ်ဒေသဖြစ်သည့်အားလျော်စွာ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက အဖက်ဖက်မှာ နောက်ကျနေတဲ့ မြို့နယ် ဖြစ်ပါတယ်။ မြို့နယ်၏ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ယူ ဆောင်ရွက်နေသော ဌာနဆိုင်ရာဝန်ထမ်းများအနက် အချို့မှာ အနေကြာဝန်ထမ်းများဖြစ်နေပါတယ်။ အဆိုပါ အနေကြာဝန်ထမ်းများသည် ကာလကြာလာသည်နှင့်အမျှ တာဝန်ထမ်းဆောင်မှုအပိုင်းများ တွင် စိတ်ဝင်စားခြင်းမရှိတော့ဘဲ လုပ်ငန်းဆောင်ရွက်မှု အားနည်းနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြို့နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်တာ ဆောင်ရွက်မှုအပိုင်းတွင် အားနည်းမှုကို ဖြစ်ပေါ်စေ ပါတယ်။ အဆိုပါဝန်ထမ်းများကို ကြီးကြပ်သော ပြည်နယ်၊ ခရိုင်အဆင့်ရှိ ပုဂ္ဂိုလ်အချို့မှာလည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် မြို့နယ်သို့ ကွင်းဆင်းပြီးပုံမှန်လာရောက်စစ်ဆေးခြင်း အားနည်းနေတာကိုလည်း တွေ့ရပါတယ်။ အနေကြာဝန်ထမ်းများသည်လည်း နှစ်ကာလကြာရှည်စွာ ထမ်းဆောင်ရာတွင် မိမိတာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုနည်းခြင်း၊

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပူးပေါင်းလိုစိတ်မရှိခြင်း အားနည်းချက်များကြောင့် တာဝန်ယူလုပ်ကိုင်ရသည့်လုပ်ငန်းများမှာ တိုးတက်မှုမရှိရာမှအစပြု၍ မြို့နယ်အတွက် ဆုတ်ယုတ်မှုများကို ဖြစ်ပေါ်စေပါတယ်။ ဒေသခံများမှာလည်း ၎င်းတို့အပေါ် အထင်အမြင်သေးရာမှအစပြုပြီး ဌာနဆိုင်ရာများအပေါ် ယုံကြည်အားကိုးမှု လျော့နည်းလာပါတယ်။ အချို့သော ဌာနဆိုင်ရာဝန်ထမ်းများ၏ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုအပိုင်းများတွင် ခြောက်လ၊ တစ်နှစ် ၊နှစ်နှစ်၊ သုံးနှစ်စသည့် ကာလသတ်မှတ်ပေးချက်များ မတူညီကြဘဲ ကွဲပြားခြားနားစွာ ပြောင်းရွှေ့သွားသည်ကိုလည်း တွေ့ရပါတယ်။ ယင်းသို့ အခြေအနေများတွင် နိုင်ငံ့ဝန်ထမ်းအချင်းချင်းအတူတူ နှစ်ကာလပြောင်းရွှေ့မှု၌ နှစ်ကာလသတ်မှတ်ချက် မတူညီကြဘဲ ပြောင်းရွှေ့သွားကြမှုအပေါ် မပြောင်းရွှေ့ရသေးသည့် ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်လာကာဆောင်ရွက်ရသည့်လုပ်ငန်းတာဝန်များအပေါ် စိတ်ဝင်စားမှုနည်းလာကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် နှစ်ကာလသတ်မှတ်ချက် တစ်ပြေးညီထားရှိပြီး ရွှေ့ပြောင်းပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းအင်အားများကို ကြည့်ပါက ဖွံ့ဖြိုးတဲ့မြို့နယ်များမှာ ပြည့်နီးပါးရှိသော်လည်း ကျွန်တော်တို့ တောင်ပေါ်ဒေသဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှာ ဝန်ထမ်းအင်အားများ လျော့နည်းနေကြောင်း စိစစ်တွေ့ရှိပါသည်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ်အပါအဝင် ဝေးလံခေါင်ပါး ဒေသများတွင် တာဝန်ထမ်းဆောင်မှုမှာ လစ်လပ်လျက်ရှိသည့်နေရာများမှာ ဝန်ထမ်းအင်အား အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုင်းခတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ရဲ့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကို သက်ဆိုင်ရာ

ဒေသတွေမှာ တာဝန်ထမ်းဆောင်ကာလ အနည်းဆုံး နှစ်နှစ်မှ သုံးနှစ်အထိ တာဝန်ထမ်းဆောင်ပြီးပါက ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဝန်ကြီးချုပ်ရုံးရဲ့ ၂၀၀၈ ခုနှစ်၊ ဖော်ဖော်ဝါရီလ ၂၇ ရက် ရက်စွဲဖြင့် ညွှန်ကြားထားရှိပြီး အဆိုပါ ညွှန်ကြားချက်ဟာလည်း ယခုတိုင် ပယ်ဖျက်ခြင်းမရှိသေးတဲ့အတွက် ညွှန်ကြားချက်နှင့်အညီ ဝန်ကြီးဌာနများအားလုံးဟာ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနများရဲ့ လုပ်ငန်းသဘောသဘာဝအပေါ် မူတည်၍ အချို့သောဝန်ကြီးဌာနများဟာ ဝေးလံခေါင်သီတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အနည်းဆုံး နှစ်နှစ် တာဝန်ထမ်းဆောင်ပြီး ပြောင်းရွှေ့လိုပါက ဆန္ဒပြုလျှောက်ထားစေပြီး ဆန္ဒပြုသည့်နေရာ သို့မဟုတ် လစ်လပ်သည့်နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိပါတယ်။ အချို့သော ဝန်ကြီးဌာနတွေဟာ ဒေသတစ်ခုမှာ သုံးနှစ်တာဝန်ထမ်းဆောင်ပြီးပါက သင့်လျော်သည့် နေရာဒေသများသို့ ပြောင်းရွှေ့ပေးခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ဒေသပြောင်းရွှေ့ရေး ဆောင်ရွက်ရာမှာ ကာယကံရှင်ရဲ့ လူမှုရေးအခက်အခဲ တင်ပြချက်၊ ကျန်းမာရေးအခြေအနေ တင်ပြချက်များအပေါ်မှာလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့သို့ ပြောင်းရွှေ့တာဝန်ချထားခြင်းကိုလည်း ဝန်ကြီးဌာနများအနေဖြင့် စီမံအဆင့်အရာထမ်းများကိုသာ ဌာနရဲ့လုပ်ငန်းသဘောသဘာဝကို အခြေခံ၍ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ပြောင်းရွှေ့ခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမှုထမ်းဝန်ထမ်းများကို မူလခန့်အပ်စဉ်ကပင် ၎င်းတို့၏ နေထိုင်ရေး၊ စားသောက်ရေး၊ လူမှုရေးအခက်အခဲများ ပြေလည်စေရေးအတွက် ဒေသခံပြည်သူများကိုသာ ဦးစားပေး ခန့်အပ်လျက်ရှိတဲ့အတွက် ၎င်းတို့ရဲ့ ဆန္ဒအလျောက် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက သတ်မှတ်ကာလမထားဘဲ ဆက်လက်တာဝန် ထမ်းဆောင်စေလျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဖော်ဖော်ဝါရီလ ၂၂ ရက်နေ့ ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်အရ ပညာရေး၊ ကျန်းမာရေး၊ ပြည်ထဲရေးဝန်ကြီးဌာနများကို ဦးစားပေးပြီး ဖွဲ့စည်းပုံအပြည့်ခန့်အပ်ခွင့်ပြုခဲ့ပါတယ်။ အခြားသော ဝန်ကြီးဌာန၊ ဦးစီးဌာနများအနေနဲ့ ဝန်ထမ်းသစ်များခန့်ထားရေးနှင့်စပ်လျဉ်း၍ ခွင့်ပြုအင်အား၏ သုံးပုံနှစ်ပုံသာ ခန့်ထားဆောင်ရွက်ရန် အစိုးရအဖွဲ့ရုံးရဲ့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှာ လမ်းညွှန်မှုပြုထားခဲ့ပါတယ်။

**မူကြမ်း**

ဝန်ကြီးဌာနများအနေနဲ့ သတ်မှတ်ခွင့်ပြုထားတဲ့ ခွင့်ပြုအင်အားအတိုင်း အင်အားပြည့်မီစေရေးအတွက်ကိုလည်း ဖြည့်တင်းဆောင်ရွက်နိုင်ရေး အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် နှစ်စဉ်ပြုန်းတီးအင်အားများ ဖြစ်ပေါ်နေသော်လည်း ဝေလံတဲ့ဒေသတွေမှာ ဌာနအလိုက်သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီသူများမှ တာဝန်လျှောက်ထားမှုများ နည်းပါးလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ဝန်ထမ်းများ သတ်မှတ်ချက်အတိုင်း အင်အားပြည့်မီအောင် ခန့်ထားနိုင်မှုမရှိသေးကြောင်းလည်း တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းတာဝန်အနည်းအများပေါ် မူတည်ပြီး လက်ရှိအင်အားဖြင့် ချင့်ချိန်လျက် ဝန်ထမ်းများကို တာဝန်ချထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် အချို့ဒေသတွေမှာ ဒေသခံများနှင့်သာ သင့်လျော်မှုရှိသော ရာထူးနေရာများအတွက် သတ်မှတ်ချက်နှင့်ကိုက်ညီတဲ့ဒေသခံများမှ လျှောက်ထားလာပါကခန့်အပ်ထားနိုင်တဲ့အင်အားအတွင်း ဦးစားပေးခန့်ထားနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ တွဲဖက်တာဝန်ချထားတဲ့ဝန်ထမ်းများနှင့်စပ်လျဉ်းပြီးတော့လုပ်ငန်းအခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေပေါ် မူတည်ပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့်ခေတ္တတွဲဖက်ထားခြင်းသာဖြစ်ပါတယ်။ ရေရှည်တွဲဖက်ထားရမည့်ဝန်ထမ်းများရှိပါက ဝန်ထမ်းအင်အားရရှိမှုပေါ် မူတည်ပြီး အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်းလည်း သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးရဲ့ ပေါင်းစပ်ဖြေကြားချက်များအရ သိရှိရပါတယ်။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများကို ဒေသအသီးသီးမှာ တာဝန်ပေးအပ်ရာမှာ နိုင်ငံတော်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအလိုက် ဝန်ကြီးဌာန၊ ဦးစီးဌာနအသီးသီးရဲ့ ရည်မှန်းချက်လုပ်ငန်းတာဝန်များနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် မူတည်ပြီး တာဝန်ထမ်းဆောင်မှုကာလကို အနည်းဆုံး နှစ်နှစ်မှ သုံးနှစ်အထိ သတ်မှတ်၍ ပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနများအနေဖြင့်လည်း ဝန်ထမ်းအင်အားပြည့်မီစွာခန့်အပ်ထားနိုင်ရေးကို သတ်မှတ်ချက်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဝန်ကြီးဌာနအားလုံး၏ ပေါင်းစပ်ညှိနှိုင်း ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဆုံး အင်းစိန်မဲဆန္ဒနယ် ဦးမောင်မောင်ဦး မေးတဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ ခုနက ကျွန်တော်မှတ်မိသလို ကိုယ်စားလှယ်ကြီးများအားလုံးကို ရှင်းလင်းခဲ့ပါတယ်။

ကျွန်တော် အခု ဥပဒေပြဋ္ဌာန်းချက်အတိုင်း ရှင်းရှင်းလင်းလင်း ကိုယ်စားလှယ်ကြီးများအားလုံး သိအောင် ကျွန်တော် ဖတ်ကြားပေးပါမယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၉ အဲဒီမှာ ကိုယ်စားလှယ်ရဲ့တာဝန်များ (င)မှာ မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ (စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ (ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်သွင်းခြင်း၊ (ဇ) လွှတ်တော်က ပေးအပ်သည့်အခြားတာဝန်များကို ထမ်းဆောင်ခြင်း ဒါကိုယ်စားလှယ်တွေထမ်းဆောင်တဲ့တာဝန်ပါ။ ပြီးရင် ကိုယ်စားလှယ်တွေဟာ ဘယ်လိုကိုယ်စားလှယ်တွေလဲဆိုတာကိုလည်း ကျွန်တော်တို့ အဲဒီ ဥပဒေပုဒ်မ ၆၂ မှာ အတိအလင်းဖော်ပြထားတာ ကျွန်တော်ဖတ်ပြပါ့မယ်။ ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထား တိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။ အဲ့လောက်ဆိုရင် ကျွန်တော်တို့ကိုယ်စားလှယ်တွေက ကိုယ်လုပ်ရမည့်တာဝန်နှင့် ကိုယ့်ရဲ့အနေအထားကို သိပြီးဖြစ်မှာပါ။ အဲလိုသိပြီးဖြစ်တဲ့အခါမှာ ခုနက ပြောသလို သိမ်းကျုံးပြီးပြောမယ့်အစား လုပ်တဲ့ပုဂ္ဂိုလ်၊ ရာထူး၊ အဆင့်အတန်း၊ နာမည်၊ ဌာနမေးပါ။ မေးပြီးတိတိလင်းလင်းတင်ပေး။ ကျွန်တော်တို့ ဒါ အလေးထားပြီးဆောင်ရွက်ပေးမယ်။ လွှတ်တော်အခွင့်အရေးကော်မတီလည်းရှိတယ်။ ဒါဟာ ကျွန်တော် အလေးအနက်ထားပြီးပြောကြားခြင်းဖြစ်ပါတယ်။

**ရွှေတောင်မြို့နယ် အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်း ပြုလုပ်နေသော မြစ်ကျောက်လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုသောမေးခွန်းကတော့ ရွှေတောင်မြို့နယ်အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်အတွင်းပြုလုပ်နေသော မြစ်ကျောက်လုပ်ငန်းများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ် ထားသော ဥပဒေစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် ဧရာဝတီမြစ်ကြောင်းအတွင်း တရားဥပဒေစိုးမိုးမှုရှိရန် ထိထိရောက်ရောက်မည်သို့မည်ပုံ ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ မြစ်သဲကျောက်ထုတ်လုပ်တဲ့လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြားဆက်စပ်ဌာနများ၏ စိစစ်ထောက်ခံချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏လိုင်စင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုကြောင်း သိရပါတယ်။ ရွှေတောင်မြို့နယ်အပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများမှာ စည်းကမ်းချက်အတိုင်းမလိုက်နာဘဲ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်းမရှိတဲ့နေရာများမှာ မြစ်သဲကျောက်များထုတ်ယူနေခြင်း၊ တရားဝင်ချထားပေးသော နေရာများတွင် သတ်မှတ်ချက်ထက်ကျော်လွန်ထုတ်ယူနေခြင်း၊ ရေယာဉ်စက်ယန္တရားများစွာကို အသုံးပြုနေခြင်းတို့ကို တွေ့ရပြီး မြစ်ကမ်းပြိုခြင်းကို ခံစားနေရတဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ အထောက်အထားများနှင့် တိုင်ကြားမှုများရှိခဲ့တဲ့အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ငန်းများရပ်ဆိုင်းရန် ညွှန်ကြားသောစာကို ၂၄-၁၀-၂၀၁၆ မှာ စာထုတ်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း ရွှေတောင်မြို့နယ်အတွင်း နေရာအချို့နှင့် အခြားမြို့နယ်များနှင့် နယ်နိမိတ်ချင်းထိစပ်

နေတဲ့နေရာများမှာ တရားမဝင်လုပ်ကိုင်မှုများရှိနေခဲ့ပါတယ်။ ဤသို့ပြုလုပ်နေခြင်းကြောင့် နိုင်ငံတော် အခွန်ဘဏ္ဍာများလည်း ဆုံးရှုံးပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေတဲ့အတွက် ဤမေးခွန်းကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလထဲမှာ တတိယပုံမှန်အစည်းအဝေးမပြီးခင်မှာ မေးခွန်းတင်၍ မေးခဲ့တာဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးများရပ်နားပြီးတော့ မဲဆန္ဒနယ်အလုပ်များ ပြန်လုပ်ရတဲ့ ဇန်နဝါရီလမှာတော့ လိုင်စင်ပြန်ချထားပေးတယ်လို့ သိရပြီးတော့ ခွင့်ပြုဧရိယာများမှာ စည်းကမ်းအတိုင်း ခွင့်ပြုရေယာဉ်အရေအတွက်ဖြင့်သာ ထုတ်လုပ်နေတာကို တွေ့ခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ တစ်ဖက်ကကြည့်လျှင်လည်း မြစ်သဲကျောက်ဆိုတာဟာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ စနစ်တကျထုတ်လုပ်မှုဖြစ်ဖို့ လိုအပ်ပါတယ်။ ရွှေတောင်မြို့နယ်ရဲ့ ဧရာဝတီမြစ်ကမ်းဘေးကျေးရွာများမှာ ကမ်းပါးပြိုခြင်းများကို ရင်ဆိုင်နေကြရပြီး ကျေးရွာလူနေအိမ်ခြေများဆုံးရှုံးသွားတဲ့အခါမှာ မြေဝယ်ပြီးတော့ အသစ်နေရာပြန်လည်ချထားပေးဖို့ကို သက်ဆိုင်ရာဌာနများက ရန်ပုံငွေတင်ပြတောင်းခံခြင်းများပြုလုပ်နေရပါတယ်။ နိုင်ငံတော်မှလည်း ရန်ပုံငွေများချထားပေးပြီး ရေကာတာရိုက်ပေးခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေရပါတယ်။

သို့ဖြစ်ပါ၍ ဝင်သင့်ဝင်ထိုက်သောအခွန်ဘဏ္ဍာများလည်း နိုင်ငံတော်သို့ ပြန်ဝင်သင့်ပါတယ်။ ထို့ကြောင့် စနစ်တကျထုတ်လုပ်မှုများဖြစ်ရန်နှင့် လုပ်ငန်းရှင်များရော၊ မြစ်ကြောင်းတစ်လျှောက် ကျေးရွာများမှ ပြည်သူများပါ သိရှိရအောင် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ဟာ ၁၂၃၈ မိုင်ရှည်လျားပြီး ရန်ကုန်မြို့မှ ဗန်းမော်မြို့အထိ ၈၇၂ မိုင်ခန့်ကို လှေ၊ သင်္ဘောများသွားလာနိုင်တဲ့ အပြင် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်မှာ စိုက်ပျိုးရေးလုပ်ငန်းများကောင်းစွာဖြစ်ထွန်းတဲ့အတွက်

ဧရာဝတီမြစ်ကို ထိန်းသိမ်းရန် အထူးလိုအပ်ပါတယ်။ မြစ်သဲကျောက်များထုတ်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရ တို့ရဲ့ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိပါတယ်။ ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက်ထုတ်လုပ်ခြင်းများနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုမှာ ၂၀၁၄ ခုနှစ်က လုပ်ကွက် ၃၂၇ ခု၊ ၂၀၁၅ ခုနှစ်မှာ လုပ်ကွက် ၃၅၃ ခု၊ ၂၀၁၆ ခုနှစ်မှာ လုပ်ကွက် ၃၂၈ ခုတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုခဲ့ကြောင်းနဲ့ ပဲခူးတိုင်းဒေသကြီးက ၂၆ ခုပါဝင်ကြောင်းလည်း သိရှိရပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၃ မှာ မည်သူမျှမြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တွေမှာ ဦးစီးဌာနရဲ့ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ တူးဖော်ခြင်းမပြုရဟု ဥပဒေပြဋ္ဌာန်းထားသည့်အပြင် ဥပဒေပုဒ်မ ၁၄ မှာလည်း မြစ်သဲကျောက် ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး အတိအကျပြဋ္ဌာန်းထားရှိပါတယ်။ ပြဋ္ဌာန်းထားရှိတဲ့ ပြဋ္ဌာန်းချက်များအပေါ် ဖောက်ဖျက်ကျူးလွန်ပါက ယင်းဥပဒေပုဒ်မ ၂၆ အရ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀ ထက်မပိုသောဒဏ်ငွေဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၆ ဟာ ရဲအရေးပိုင်တဲ့ပုဒ်မဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မြစ်ချောင်းများအတွင်း တရားမဝင် သဲစုပ်ယူခြင်း၊ မြစ်ကျောက်ထုတ်ယူခြင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်းပြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်မှာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ခြင်းရှိ/မရှိ၊ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းရှိ/မရှိတို့ကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ အရေးယူဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၄ ခုနှစ်မှာ ရှစ်မှု၊ တရားခံစုစုပေါင်း ကျား ၃၃ ဦး၊ မ တစ်ဦး ပေါင်း ၃၄ ဦး၊ ၂၀၁၅ ခုနှစ်မှာ အမှုတစ်မှု၊ တရားခံကျား ခုနစ်ဦး၊ ၂၀၁၆ ခုနှစ်မှာ အမှုငါးမှု၊ တရားခံကျား ၁၉ ဦးတို့ကို အရေးယူခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ မြို့နယ်များမှ လုပ်ငန်းရှင်များအနေဖြင့် မြစ်သဲကျောက်လုပ်ကွက် ၅၅ ကွက်ကို တင်ပြလျှောက်ထားခဲ့ကြောင်း

သိရှိရပါတယ်။ အဆိုပါ မြစ်သဲကျောက်လုပ်ကွက် ၅၅ ကွက်အနက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းမြေပုံ(၁၀၅/၁၀၆)နှင့် လတ္တီကျူ လောင်ဂျီကျူမြေပုံများရေးဆွဲပြီးသည့် လုပ်ကွက် ၄၉ ကွက်ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ သဘောထားရရှိရေး ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ သဘောထားတောင်းခံမှုအရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ရေလမ်းကြောင်းနှင့် လွတ်ကင်းပြီး ကမ်းပြိုကမ်းစားမဖြစ်နိုင်တဲ့လုပ်ကွက်များကို သဘောထားပြန်ကြားခဲ့ရာမှာ ပြည်မြို့နယ်မှ နှစ်ကွက်၊ ပန်းတောင်းမြို့နယ်မှ ရှစ်ကွက်နှင့် ရွှေတောင်မြို့နယ်မှ ကိုးကွက် စုစုပေါင်း ၁၉ ကွက်ကို သဘောထားရရှိခဲ့ပြီး ဖြစ်ပါတယ်။ ယင်းလုပ်ကွက်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လုပ်ငန်းရှင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အတူ မြစ်ကြောင်းအတွင်းမှာကွင်းဆင်းပြီးတော့ မြစ်သဲကျောက်ထုတ်လုပ်တဲ့သတ်မှတ်နေရာတွေမှာ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများသိရှိစေရန် ချပြရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။

ထို့နောက်အဆိုပါလုပ်ကွက် ၁၉ ကွက်ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့သဘောထားအပါအဝင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရဲ့သဘောထား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်၊ ရပ်မိရပ်ဖနှင့် ဒေသခံပြည်သူတို့ရဲ့ သဘောတူညီချက်၊ တိုင်းဒေသကြီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဦးစီးဌာနတို့ရဲ့ သဘောထားများရရှိတဲ့လုပ်ကွက်များကိုသာ လုပ်ကိုင်ခွင့်ရရှိရေးအတွက် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်လက်ထောက်ခံတင်ပြခဲ့ပါတယ်။ ထိုသို့တင်ပြလာတဲ့ မြစ်သဲကျောက်လုပ်ငန်းများအနက် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ်ပြန်ချက်အရ ပန်းတောင်းမြို့နယ်မှ ငါးကွက်၊ ရွှေတောင်မြို့နယ်မှ ခုနစ်ကွက်၊ ပြည်မြို့နယ်မှ နှစ်ကွက် စုစုပေါင်း ၁၄ ကွက်တို့ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ စနစ်တကျခွင့်ပြုဆောင်ရွက်စေခဲ့ပါတယ်။ ရွှေတောင်မြို့နယ်မှ မြေသဲကျောက်လုပ်ကွက်ခုနစ်ကွက်အနက် ခြောက်ကွက်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ မြေသဲကျောက်ထုတ်လုပ်ခွင့်လိုင်စင်ချထားပေးခဲ့ပါတယ်။ ကျန်ရှိတဲ့လုပ်ကွက်အမှတ်(၁၁၅၇)ကို ကျေးရွာနေပြည်သူများ ရပ်မိရပ်ဖများမှကန့်ကွက်လာတဲ့အတွက် ယနေ့ထိ လိုင်စင်ချထား

ပေးခြင်းမရှိဘဲ ရပ်ဆိုင်းထားခဲ့ပါတယ်။ ဒါ့အပြင် ခွင့်ပြုလိုင်စင်မရမီ အမှုတွဲတည်ဆောက်နေစဉ်ကာလအတွင်း တရားမဝင်မြစ်သဲကျောက်ထုတ်လုပ်နေမှုနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်သုံးဦးကိုလည်း အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြစ်သဲကျောက်လုပ်ငန်းများ ခွင့်ပြုရာမှာ တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘောထားမှတ်ချက်ပေးသည့်အတိုင်း ဆောင်ရွက်ရန်၊ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုမရှိစေရေးဆောင်ရွက်ရန်၊ လုပ်ကွက်ထပ်ခြင်း၊ အငြင်းပွားခြင်း၊ တိုင်ကြားခြင်းများရှိလာပါက လုပ်ငန်းလိုင်စင်ရုပ်သိမ်းခံရမည်ကိုလည်း စည်းကမ်းချက်များထည့်သွင်းသတ်မှတ်ထားရှိပါတယ်။ ဒါ့အပြင် သတ်မှတ်ထားသည့် အခွန်နှုန်းထားများအပြည့်အဝပေးသွင်းစေရေး၊ သတ်မှတ်နေရာ၊ သတ်မှတ်ပမာဏ အတိုင်းထုတ်လုပ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်တို့ကိုလည်း အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့လည်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ဘဏ္ဍာရေးနှစ်အတွက် မြစ်သဲကျောက်လုပ်ငန်းလိုင်စင် ခွင့်ပြုချက်ရရှိသောလုပ်ငန်းရှင်များအနေနဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ပေးထားတဲ့ဧရိယာအတွင်း ထုတ်လုပ်ခြင်းရှိ/မရှိ၊ သတ်မှတ်ဧရိယာအပြင်သို့ တရားမဝင်ကျူးကျော်လုတ်လုပ်မှုများမရှိစေရေးကိုလည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ပါ၍ ဧရာဝတီမြစ်အတွင်း ပြုလုပ်နေတဲ့ မြစ်သဲကျောက်လုပ်ငန်းများနှင့်ပတ်သက်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချမှတ်ထားတဲ့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကလည်း အလေးထားစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိတဲ့လုပ်ငန်းများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံမှထုတ်လုပ်သော တယ်လီဖုန်း(Sim Card)များကို မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၌ တွင်ကျယ်စွာသုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပင်လယ်ပိုင်း မိုင် ၄၀၊ ကုန်းပိုင်း ၁၂၃ မိုင် စုစုပေါင်း ၁၆၃ မိုင်ထိ ဆက်စပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ဘူးသီးတောင်၊ မောင်တော မြို့နယ်ရှိ ဘင်္ဂါလီလူမျိုးများဟာ မြန်မာနိုင်ငံရဲ့ MPT ဖုန်းနဲ့ Sim Card များကို သုံးစွဲခြင်းနည်းပါးပြီး တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် Sim Card များကိုသာ တွင်ကျယ်စွာအသုံးပြုလျက်ရှိနေကြောင်း သိရှိ ရပါတယ်။ ယခင်အစိုးရလက်ထက် နစကတာဝန် ယူတဲ့ အချိန်မှစပြီးတော့ အသုံးပြုလာခဲ့ရာမှာ ယနေ့ထက်တိုင် ဆက်လက် သုံးစွဲ နေကြဆဲဖြစ်ကြောင်းကိုလည်း တွေ့ရှိနေရပါတယ်။ MPT ဖုန်းများကို အခု အချိန်မှာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ပါလျက်နဲ့ တစ်ဖက်နိုင်ငံထုတ် Sim Card များကိုသာ သုံးစွဲ နေခြင်းဟာ MPT ရဲ့ဝင်ငွေကိုလည်း များစွာထိခိုက်နစ်နာစေပါတယ်ရှင်။ တစ်ဖက်တွင်လည်း မြန်မာ နိုင်ငံ၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖောက်ဖျက်ကျူးလွန်လျက်ရှိတယ်လို့လည်း ထင်မြင် ယူဆမိပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာလ ၉ ရက်နေ့က အစိုးရနယ်ခြားစောင့်တပ်စခန်းများကို ဝင်ရောက်သိမ်းပိုက်စဉ်က ထိုဖုန်း Sim Card များကို သုံးစွဲပြီးတော့ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို သေကျေဒဏ်ရာအနာတရဖြစ်စေခဲ့သည်မှာ ထင်ရှားတဲ့သာဓကတစ်ခုပဲ ဖြစ်ပါ တယ်ရှင်။ အလားတူပါပဲ မကြာခဏဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ရာမှာလည်း ဖော်ပြပါဖုန်းများဖြင့် ဆက်သွယ်လုပ်ကိုင်ကြသည်ဟုလည်း ဒေသခံများမှ ဝေဖန်ပြောဆိုမှုများ ရှိနေ ပါတယ်။ ထို့အပြင် တစ်ဖက်နိုင်ငံထုတ်ဖုန်း Sim Card များကို အသုံးပြုစေခြင်းအားဖြင့် မမှန်ကန်တဲ့နည်းလမ်းများဖြင့် ဆက်သွယ်ဖို့အခွင့်အလမ်းကို ပိုမိုရရှိစေနိုင်တဲ့အတွက် တစ်ဖက်နိုင်ငံမှ တရားမဝင်တဲ့ဖုန်းကတ်များကို သုံးစွဲခြင်းအားတားဆီးပိတ်ပင်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါတဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲ့အနောက်ဘက်နယ်စပ်နဲ့ထိစပ်လျက်ရှိတဲ့ တစ်ဖက် နိုင်ငံမှထုတ်လုပ်တဲ့ တယ်လီဖုန်း Sim Card များကို မြန်မာနိုင်ငံ မောင်တော၊ ဘူးသီးတောင်မြို့များ၌

တွင်ကျယ်စွာသုံးစွဲနေခြင်းကို တားဆီးအရေးယူပေးရန် အစီအစဉ်ရှိ/မရှိကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရေဒီယိုလှိုင်းနှုန်းများရဲ့ သဘောသဘာဝအရ မြန်မာနိုင်ငံမှာသာမက အခြားသောနိုင်ငံများမှာလည်း နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံများနှင့် ဆက်သွယ်ရေးတာဝါတိုင်များရဲ့ကွန်ရက်များ အပြန်အလှန်ဖြန့်ကျက်မှုများဖြစ်ပေါ်လျက်ရှိပြီး ၎င်းဒေသများမှာ နိုင်ငံအချင်းချင်း အပြန်အလှန်ကွန်ရက်လွှမ်းခြုံမှုအပေါ် International Telecommunication Union(ITU)ရဲ့ Radio Regulation SM 1049-1 နှင့်အညီ သတ်မှတ်ထားတဲ့ ရေဒီယိုလှိုင်းနှုန်းထုတ်လွှင့်မှုပမာဏထက် ကျော်လွန်မရောက်ရှိစေရေးကို နိုင်ငံအချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြရပါတယ်။ နယ်စပ်ဒေသတွေမှာ တည်ဆောက်တပ်ဆင်ထားတဲ့ တာဝါတိုင်များရဲ့ ရေဒီယိုလွှမ်းခြုံနိုင်မှုဧရိယာဟာ အခြားနယ်မြေချင်းထိစပ်နေတဲ့နိုင်ငံများသို့လည်း ဖြန့်ကျက် ရောက်ရှိနိုင်တဲ့အတွက် တစ်ဖက်နိုင်ငံရှိ တယ်လီဖုန်း(Sim Card)များကို မြန်မာနိုင်ငံနယ်စပ်ဒေသများမှာ သုံးစွဲရရှိနေခြင်းလည်းဖြစ်ပါတယ်။ ယင်းဒေသရှိ ဒေသခံများ အဆင်ပြေလွယ်ကူချောမွေ့စေရန် ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေးအော်ပရေတာများဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်တွေမှာ တည်ဆောက်ပြီးတာဝါတိုင် ခုနစ်တိုင်၊ တည်ဆောက်ဆဲတာဝါတိုင် နှစ်တိုင်၊ မောင်တောမြို့နယ်မှာ တည်ဆောက်ပြီးတာဝါတိုင် ၁၃ တိုင်၊ တည်ဆောက်ဆဲတာဝါတိုင်လေးတိုင် တည်ဆောက်ထားရှိပါတယ်။ ဒို့အပြင် တယ်လီနောမြန်မာလီမိတက်မှ မောင်တောမြို့နယ်အတွင်းမှာ တည်ဆောက်ပြီးတာဝါတိုင်သုံးတိုင် တည်ဆောက်ထားရှိပါတယ်။ မောင်တောခရိုင်အတွင်း စုစုပေါင်းတည်ဆောက်ပြီးတာဝါတိုင် ၂၃ တိုင်နှင့် တည်ဆောက်ဆဲတာဝါတိုင်ခြောက်တိုင်တို့တည်ရှိတဲ့အတွက် မိုဘိုင်းဖုန်းဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

**မူကြမ်း**

တစ်ဖက်နိုင်ငံမှ တယ်လီဖုန်း(Sim Card)များ သုံးစွဲနေမှုအပေါ် တည်ဆဲဆက်သွယ်ရေးဥပဒေများအရ အရေးယူနိုင်သေးခြင်းမရှိသေးကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရလည်း သိရှိရပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောဒေသဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိရာမှာ နေထိုင်သူအများစုဟာ ဘင်္ဂါလီလူမျိုးများဖြစ်ပြီး တစ်ဖက်နိုင်ငံမှာနေထိုင်သူများနှင့် အလွယ်တကူဆက်သွယ်ပြောဆိုနိုင်ရန် တစ်ဖက်နိုင်ငံရဲ့မိုဘိုင်းဖုန်း(Sim Card)များကို တရားမဝင်သုံးစွဲလျက်ရှိကြပါတယ်။ ထိုသို့သုံးစွဲမှုများကြောင့် မြန်မာနိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုထိခိုက်နိုင်တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့မှုများလည်း ပြုလုပ်လျက်ရှိပါတယ်။ အရေးယူဆောင်ရွက်ခဲ့ရာမှာ မောင်တောခရိုင်အတွင်း အရေးယူဆောင်ရွက်မှုများအနေနဲ့ ၂၀၁၄ ခုနှစ်မှာ ၈၁ မှု၊ ၂၀၁၅ ခုနှစ်မှာ ၈၄ မှု၊ ၂၀၁၆ ခုနှစ်မှာ ၂၂ မှု စုစုပေါင်း ၁၈၇ မှု တရားခံ ၁၈၇ ဦးကိုလည်း ဖမ်းဆီးအရေးယူခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မောင်တောခရိုင်နယ်မြေအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် တစ်ဖက်နိုင်ငံမှထုတ်လုပ်သော(Sim Card)တွေကို တရားမဝင်အသုံးပြုနေမှုတွေကို တားဆီးနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ပြီး သတင်းဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ မကွီးအိမ်နူးကျေးရွာအုပ်စုအား မကွီးအိမ်နူး၊ ကြုံလောင်၊ ထိန်ပြူး၊ ဗွိနူးစသည်ဖြင့် ရပ်ကွက်လေးရပ်ကွက်ပါသော မကွီးအိမ်နူးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ မကွီးအိမ်နူးကျေးရွာအုပ်စုအား မကွီးအိမ်နူးမြို့အဖြစ်အဆင့်

တိုးဆောင်ရွက်ပေးပါရန်အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွီအိမ်နူးကျေးရွာအုပ်စုဟာ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝ ယင်းမြို့နယ်ရဲ့အစွန်မှာတည်ရှိပြီးတော့ မင်းတပ်မြို့သို့ ၉၀ မိုင်၊ ကန်ပက်လက်မြို့သို့ ၈၅ မိုင်၊ မတူပီမြို့ သို့ ၉၀ မိုင်နှင့် ပလက်ဝမြို့သို့ ၁၃၀ မိုင်ဝေးကွာပြီးတော့ မြို့များဖြင့်အလွန်ပင်အလှမ်းဝေးသော ဒေသကြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းဒေသရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီပွားရေးစသည်တို့ပါဝင်တဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဟာ နောက်ကျကျန်နေ သည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်း အုပ်ချုပ်ရေးယန္တရားများလျင်မြန်စွာလည်ပတ်နိုင်စေ ရေးတို့မှာလည်း လွန်စွာမှအခက်အခဲများရှိနေပါတယ်။ မကွီအိမ်နူးကျေးရွာအုပ်စုမှာဆိုရင် အိမ်ခြေ ၁၉၃ အိမ်နှင့် လူဦးရေ ၁၀၀၀ ကျော်ရှိပါတယ်ခင်ဗျား။ မြေအသုံးချမှုအကျယ်အဝန်းမှာလည်း ၁၇၂၂ ဧကရှိပြီးတော့ မီးသတ်ရဲစခန်း၊ အခြားဌာနဆိုင်ရာများ၊ စည်ပင်ဈေး၊ ပန်းခြံ၊ ကားကွင်း၊ လူနေအိမ်ဝိုင်း၊ ချောင်း၊ ချောက်ကမ်းပါးနှင့် မြေထိန်းဧရိယာ၊ သာသနာပိုင်မြေ၊ သုသာန်မြေ၊ လမ်းမြေ၊ ဥယာဉ်ခြံမြေ၊ တောင်ယာမြေ၊ မြေရိုင်း၊ အခြားမြေများအပါအဝင် ဘောလုံးကွင်းများလည်းရှိပါတယ်ခင်ဗျား။ ကလေးများအပန်းဖြေရန် ဥယျာဉ်ကစားကွင်းမြေဧရိယာနှင့် ကုန်ပစ္စည်းထုတ်လုပ်နိုင်သောမြေဧရိယာ၊ ကျေးရွာဘုံမြေနှင့် ထင်းစိုက်ခင်းများအပါအဝင် တိရစ္ဆာန်များထိန်းကျောင်းရာမြေနေရာတို့လည်း ရှိပါတယ်။ အမှိုက်သရိုက်များ၊ မိလ္လာစွန့်ရာမြေနေရာနှင့် မြောင်းတူးနိုင်သောမြေနေရာများလည်း လုံလောက်စွာရှိပါတယ်ခင်ဗျား။

ထို့အပြင် နယ်မြေရဲတပ်ဖွဲ့စခန်း၊ အစိုးရအထက်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်းတစ်ကျောင်းလည်းရှိပါတယ်။ (၁၆) ခုတင်ဆံ့ဆေးရုံလည်း Sanction ခွင့်ပြုထားပြီးတော့ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင်း အဆောက်အဦ ဆောက်လုပ်နိုင်ခြင်းမရှိသေးပါဘူး။ မကွီအိမ်နူးကျေးရွာအုပ်စုမှာ ဘာသာရေးအသင်းခြောက်ခုရှိပြီး တော့ ဘုရားရှိခိုးကျောင်းလည်းခြောက်ကျောင်းရှိပါတယ်။ အုပ်ချုပ်ရေးမှူးရုံးကို ယခင်လက်ထောက် မြို့ပိုင်ရုံးမြေနေရာမှာ ဖွင့်လှစ်ထားရှိပြီးတော့ စာကြည့်တိုက်ဆောက်လုပ်ရန်လည်း ပြင်ဆင်နေကြပါ တယ်ခင်ဗျား။

လျှပ်စစ်မီးအတွက်လည်း ဆိုလာများအသုံးပြုပြီးတော့ လိုအပ်ပါက ပက်လောင်းချောင်း၊ ပိုင်းလောင်းချောင်းတို့မှလည်း ရေအားလျှပ်စစ်ထုတ်ယူလျက်ရှိပါတယ်။ ဆက်သွယ်ရေးအတွက် လည်း စာတိုက်အဆင့်(၅)ဖွင့်လှစ်ထားရှိပြီးတော့ CDMA-450 ဖုန်းများဖြင့်လည်း ဆက်သွယ်နိုင်သော

ကျေးရွာလေးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကိုလည်း မကွီအိမ်နူးမှ မင်းတပ်၊ ကန်ပက်လက်မြို့များသို့ မော်တော်ကား၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီးတော့ မြို့အဖြစ် တိုးမြှင့်လာမည်ဆိုပါက မတူပီ၊ ပလက်ဝမြို့များသို့လည်း ကားဖြင့်သွားလာနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် ပလက်ဝမြို့နှင့် ရခိုင်ပြည်နယ်သို့လည်း ရေလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်သော မြို့လေးတစ်မြို့ဖြစ်လာမှာဖြစ်ပါတယ်။ သောက်သုံးရေအတွက်လည်း ချောင်းသုံးချောင်းရှိနေပါသောကြောင့် လုံလောက်သော ကျေးရွာဖြစ်ပါတယ်။ ဒေသခံပြည်သူများဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်စားသောက်ကြပါတယ်။ သို့ဖြစ်ပါ၍ မကွီအိမ်နူးကျေးရွာအုပ်စုအား မြို့အဖြစ်သတ်မှတ်ပေးမည်ဆိုပါက အိမ်ခြေနှင့်လူဦးရေမှအပ ကျန်သောအချက်များသည်။ မြို့အဖြစ်သတ်မှတ်ပေးရန် ပြည့်စုံလုံလောက်မှုရှိပါတယ်ခင်ဗျား။ လူဦးရေနည်းရသောအကြောင်းမှာလည်း တိုင်းရင်းသားဒေသ များဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ မဖွံ့ဖြိုးသေးသော ဒေသဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဒီအချက်ကိုတော့ ကျွန်တော်တို့ရဲ့ညီအစ်ကိုမောင်နှမများကလည်း၊ နိုင်ငံတော်အစိုးရကလည်း နားလည်ပေးနိုင်လိမ့်မယ်လို့ယူဆမိပါတယ်။

ထို့အပြင် ၃၀-၉-၂၀၁၆ ရက်နေ့ ၁၃း၀၀ နာရီအချိန်မှာကျင်းပတဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၆) ဆုံးဖြတ်ချက်(၉)မှာလည်းမကွီအိမ်နူးကျေးရွာလေးကို မြို့အဖြစ် တိုးမြှင့်ပေးဖို့ရန် ဦးစားပေးဆုံးဖြတ်ခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့် အညီလည်း ချင်းပြည်နယ်ဝန်ကြီးချုပ်ကနေ နိုင်ငံတော်သမ္မတကြီးထံသို့ တင်ပြတောင်းဆိုပေးနိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့မျှော်လင့်ပါတယ်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)မှာလည်း နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့်တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ကူညီဆောင်ရွက်မယ်လို့ပါရှိပါသောကြောင့် ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့လည်း ဖွံ့ဖြိုးမှုနည်းပါးသော တိုင်းရင်းသားလူမျိုးများအတွက် ဖွဲ့စည်းပုံမှာပါတဲ့အချက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရာလည်း ရောက်ပါတယ်ခင်ဗျား။ ထို့ကြောင့်မို့လို့ မကွီအိမ်နူးကျေးရွာအုပ်စုအား မြို့အဖြစ်ပြင်ဆင်ဖွဲ့စည်းမည်ဆိုပါက စီပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် လူမှုဘဝများတိုးတက်လာမည်ဖြစ်ပါသောကြောင့် မင်းတပ်မြို့နယ်အတွင်းရှိ မကွီအိမ်နူးကျေးရွာအုပ်စုအား မကွီအိမ်နူး၊ ထိန်ပြူး၊ ကြုံလောင်း၊ ဗွီနူးစသည်ဖြင့် ရပ်ကွက်လေးရပ်ကွက်ပါသော မကွီအိမ်နူးမြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းဖို့အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမည်

ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဒေသခံပြည်သူများရဲ့ ကိုယ်စား လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည် နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင် ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ အဆိုပါပြဋ္ဌာန်းချက်ကိုလည်း လွှတ်တော်ကိုယ်စား လှယ်ကြီးအနေနဲ့လည်း မေးခွန်းမှာထည့်သွင်းဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည် နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်အား ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ကျေးရွာ ၁၉၇ ရွာနဲ့ဖွဲ့စည်းထားပြီး အိမ်ခြေ ၈,၃၆၀ လုံး၊အိမ်ထောင်စု ၈,၅၀၂ စု၊ လူဦးရေ ၄၆,၁၇၀ ဦး နေထိုင် လျက်ရှိပါသည်။ မင်းတပ်မြို့နယ်အတွင်းမှာရှိတဲ့ မကွီအိမ်နူးကျေးရွာအုပ်စုမှာလည်း မကွီအိမ်နူးကျေး ရွာ၊ ထိန်ပြူးကျေးရွာနှင့် ကြုံလောင်းကျေးရွာတို့နဲ့ ဖွဲ့စည်းထားရှိပါတယ်။ ဒါကြောင့် မကွီအိမ်နူးကျေး ရွာအုပ်စုရဲ့ မြေအနေအထားအရ အနာဂတ်အလားအလာများအတွက် သုံးသပ်ပြီး ၂၀၁၆ ခုနှစ်၊ စက် တင်ဘာလ ၃၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၆)အရလည်း ဆုံးဖြတ်ချက်အပိုဒ်(၉)မှာမြို့အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ပထမဦးစားပေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ထိုဆုံးဖြတ်ချက်အရ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် မကွီအိမ်နူးကျေးရွာအုပ်စုကို မြို့အဖြစ်ဖွဲ့စည်းပေးရန် မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနမှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ အမှုတွဲ ငါးစုံကို ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့မှုအပေါ် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ လုပ်ငန်းများဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်အဆောက်အဦများအား သပ်ရပ်ကျယ်ဝန်းသော အဆင့်မီသည့် နေအိမ်များအဖြစ် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွေမှာရှိတဲ့ လိုင်းခန်းများနဲ့ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့ ကျွန်တော်တို့နိုင်ငံမှာ အရပ်ဘက်အုပ်ချုပ်ရေးစနစ်အားကောင်းရန် လိုအပ်လှပါတယ်။ အရပ်ဘက်အုပ်ချုပ်ရေးယန္တရားရဲ့ အဓိကထောက်တိုင်ဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့များရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးပါလှပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံအေးချမ်းရေးအတွက် နေ့ညမပြတ်တာဝန်ထမ်းဆောင်ကြရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များရဲ့ နေအိမ်လိုင်းခန်းတွေဟာ ခေတ်ကာလအခြေအနေအရ အမြင်မတင့်တယ်တဲ့အပြင် စိတ်ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နိုင်တဲ့ အခင်းအကျင်းမျိုးမဟုတ်တာလည်း တွေ့ရပါတယ်။ ဟောင်းနွမ်းပျက်စီးနေတဲ့ အဆောက်အဦတွေကို ပလပ်စတစ်များ၊ မြွေအရေအိတ်ခွံများနှင့် ဖာထေးမိုးကာပြီးတော့ မပြိုမလဲအောင်လို့ ဒေါက်ထောက်ကျားကန်နေရကာ မလုံမခြုံနဲ့ အန္တရာယ်ရှိတဲ့အဆောက်အဦတွေထဲမှာ လူအင်အားနဲ့ လိုင်းခန်းနဲ့ မမျှမတ မလောက်မငှနဲ့ စိုးရိမ်ညှိုးငယ်စွာနေကြရတာကို အလွန်ပဲ စိတ်မချမ်းမြေ့စဖွယ် တွေ့နေရပါတယ်။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ စခန်းလေးခုရှိပါတယ်။ တစ်ခုကတော့ အထိုက်အလျောက်သူ့ဟာသူပြင်ထားလို့ နေလို့ထိုင်လို့နည်းနည်းပါးပါးရသော်လည်း ကျန်တဲ့စခန်းတွေဟာ အန္တရာယ်ရှိပြီးတော့ အမြင်လည်းမတင့်တယ်၊ ဥပဓိရုပ်လည်းအလွန်မကောင်းတာကို တွေ့ရပါတယ်။ အဲဒီဓာတ်ပုံမှတ်တမ်းတွေလည်း ကျွန်တော်ပေးပို့ထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ရဲတပ်ဖွဲ့များ

ရဲ့ လိုင်းခန်းအများစုဟာလည်း အလားတူအခြေအနေမှာပဲရှိနေတယ်လို့ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူကိုဗဟိုပြုတဲ့ ဒီမိုကရေစီစနစ်ကိုတည်ဆောက်ရာမှာ ရဲတပ်ဖွဲ့ရဲ့အခန်းကဏ္ဍဟာအလွန်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတပ်ဖွဲ့ဝင်များရဲ့ နေထိုင်ရေးနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ ယခုကဲ့သို့ အလေးအနက်ထားပြီး မေးခွန်းများမေးမြန်းခြင်းအပေါ် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ ဝန်ထမ်းအိမ်ရာများ၊ ဟောင်းနွမ်းပျက်စီးနေမှု၊ မလုံလောက်မှုများအပေါ်မှာ ဝန်ကြီးဌာနအနေဖြင့်လည်း မြေပြင်စစ်ဆေးသိရှိပြီး စခန်းတစ်ခုချင်းအလိုက် မြေပြင်အသေးစိတ် စစ်ဆေးစာရင်းကောက်ယူမှုများ ပြုလုပ်ထားရှိပြီး ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများဟာ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ခဲ့ပေမဲ့လည်း ယခုအချိန်အထိလိုအပ်ချက်များ ဖြစ်ပေါ်နေဆဲပဲဖြစ်ပါတယ်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းဦးစားပေးသတ်မှတ်ချက်များဖြင့် စီမံချက်များချမှတ်ပြီး အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာ တစ်နိုင်ငံလုံးဟာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ၁၅ ရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၇၃ ရုံး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ၃၂၅ ရုံး၊ မြို့မရဲစခန်း ၃၂၅ ခု၊ နယ်မြေရဲစခန်း ၄၈၃ ခု၊ ရဲကင်းရဲစခန်း ၃၁၈ ခုဖွင့်လှစ်ထားရှိပါတယ်။ ရဲတပ်ဖွဲ့ပိုင်အဆောက်အဦများဟာ စုစုပေါင်း ၁၈၈၆၁ လုံးရှိပြီး လူနေအဆောက်အဦ ၁၄၂၁၀ လုံး၊ ရုံးရဲစခန်းအဆောက်အဦ ၁၉၅၇ လုံး၊ အခြား

အဆောက်အဦ ၂၆၉၄ လုံး ရှိပါတယ်။ အဆိုပါ အဆောက်အဦများအနက် သက်တမ်းကြာမြင့်ပြီး လူနေထိုင်ရန်လုံးဝမသင့်တော်ဘဲ ပျက်စီးယိုယွင်းလျက်ရှိတဲ့ အဆောက်အဦ ၁၅၉၈ လုံးရှိပြီး ယင်း အဆောက်အဦ ၁၅၉၈ လုံးနဲ့ပတ်သက်ပြီးတော့လည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ လိုအပ်ချက်အရေးကြီးမှုအပေါ်မူတည်ပြီး ပြန်လည်ပြုပြင်ရေးစီမံကိန်းအချိန်ဇယားနှင့် အကြံပြုချက် တင်ပြပေးရန် ညွှန်ကြားခဲ့တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ပြန်လည်ပြုစုတင်ပြထားရှိ ပါတယ်။ အဆိုပါညွှန်ကြားချက်အရ ပျက်စီးယိုယွင်းလျက်ရှိတဲ့ အဆောက်အဦ ၁၅၉၈ လုံးနေရာမှာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှ စံသတ်မှတ်ထားတဲ့ အဆောက်အဦများဖြင့် ပြန်လည်ဆောက်လုပ်ပေးရန် တွက်ချက်မှုအရ အဆောက်အဦအရေအတွက် ၆၃၂ လုံး ဆောက်လုပ်ပေးရမည်ဖြစ်ပြီး ကျပ်သန်း ပေါင်း ၁၁၃၅၈၆.၄၁ လိုအပ်မှာဖြစ်ပါတယ်။ ပထမဦးစားပေးအဆင့်အနေဖြင့် အုပ်ချုပ်မှုဆိုင်ရာ မြို့မ ရဲစခန်းရုံး အချုပ်ပါနှစ်ထပ် လေးလုံး၊ စခန်းရုံး အချုပ်ပါ တစ်ထပ် ကိုးလုံး၊ တပ်ဆွယ်ရုံး သုံးရုံးနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များနေထိုင်ရန် ခြောက်ခန်း တွဲနှစ်ထပ် အလုံး ၁၀၀ စုစုပေါင်း ၁၁၆ လုံးတို့ကို ပြန်လည်ဆောက်လုပ်ပေးရန် ကျပ်သန်းပေါင်း ၂၅၀၅၂.၂၇၄ သန်း၊ ဒုတိယဦးစားပေးအဆင့်အနေနဲ့ အခြားအဆင့်တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် ခြောက်ခန်းတွဲနှစ်ထပ် ၉၉ လုံးကို ပြန်လည် ဆောက်လုပ်ပေးရန် ကျပ်သန်းပေါင်း ၂၃၀၇၈.၅၂၈ နဲ့ တတိယဦးစားပေးအဆင့်အနေနဲ့ အရာရှိငယ် များနေထိုင်ရန် လေးခန်းတွဲနှစ်ထပ် ၄၀၅ လုံး၊ လူပျိုတပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် လူပျိုဆောင် တစ်ထပ် ၁၂ လုံး စုစုပေါင်း ၄၁၇ လုံးကို ပြန်လည်ဆောက်လုပ်ပေးရန် ကျပ်သန်းပေါင်း ၆၅၄၅၅.၆၀၈ ကုန်ကျမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်တင်ပြထားရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှာရှိတဲ့ ဟောင်းနွမ်းဆွေးမြည့်ပြီး အမြင်တင့်တယ်မှုမရှိတဲ့ အဆောက်အဦများအတွက် ပြန်လည် ဆောက်လုပ်မယ့်အစီအမံအရ ပထမဦးစားပေး ၁၁၆ လုံး၊ ဒုတိယဦးစားပေး ၉၉ လုံးနှင့် တတိယ ဦးစားပေး ၄၁၇ လုံးတို့ကို အနီးကပ်ဆုံးဘဏ္ဍာရေးနှစ် သုံးနှစ်ဖြစ်တဲ့ ၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များမှာ ဦးစားပေးအဆင့်အလိုက် လျာထားတင်ပြတောင်းခံပြီး ဘတ်ဂျက်ခွင့်ပြုမှုနှင့် အညီ ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ယခုအသစ်ဆောက်လုပ်မယ့် အဆောက်အဦပုံစံများဟာ လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိသကဲ့သို့ သပ်ရပ်ကျယ်ဝန်းသော အဆင့်မီ နေအိမ်များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်လက်အောက်ရှိ တိုင်းဒေသကြီး/ ပြည်နယ်လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့နှင့် ကျောင်းများအတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၂၃၄၁၄.၆၅၂ အား လျာထားတင်ပြတောင်းခံထားရှိပြီး

ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ သက်တမ်းကြာမြင့်ပြီး ဟောင်းနွမ်းပြီး လူနေထိုင်ရန်မသင့်တော်တော့တဲ့အဆောက်အဦများနှင့် စပ်လျဉ်းပြီး အစားထိုးဆောက်လုပ်ရန်လိုအပ်တဲ့ အဆောက်အဦများအတွက် ဦးစားပေးအဆင့်အလိုက် ၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေများတောင်းခံပြီး ဘဏ္ဍာငွေခွင့်ပြုချက်နှင့်အညီ အဆင့်မီနေအိမ်အဆောက်အဦများအဖြစ် ပြင်ဆင်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်များ၌ ပြုစုထားရှိရမည့် စာရင်းဇယားများကို တိကျမှန်ကန်စေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာရေးများကို မည်ကဲ့သို့ ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်းနှင့် ရုံးပုံမှန်မတက်သော ဝန်ထမ်းများကို မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူ ဧည့်သည်တော် များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင်ပြုစုထားရှိရမည့် စာရင်းဇယားများကို တိကျမှန်ကန်စေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာရေးများကို မည်ကဲ့သို့ဆောင်ရွက်ရန် ညွှန်ကြားထားပါသလဲဆိုတာနဲ့ နောက်ရုံးပုံမှန်မတက်တဲ့ ဝန်ထမ်း၊ တာဝန်မကျေပွန်တဲ့ဝန်ထမ်းတွေကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေပါသလဲဆိုတာကို သိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ သိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ဟာ သန်းခေါင်စာရင်းကောက်ခဲ့ပါတယ်။ ခန့်မှန်းတာက သန်း ၆၀ ဒါပေမဲ့ ထွက်လာတဲ့ Result ကကျတော့ ၅၂ သန်း ပတ်ဝန်းကျင်ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်တယ်။ ရွေးကောက်ပွဲစာရင်းတွေထွက်လာတယ်။ စာရင်းတွေမမှန်ကန်တာတွေရှိပါတယ်။ ဒါတွေဟာ ဘာဖြစ်လို့လဲဆိုတော့ အုပ်ချုပ်ရေးဆိုင်ရာ စာရင်းဇယား ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေထဲမှာပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ စာရင်းဇယားပုံစံ ကိုးမျိုးရှိပါတယ်။ အဲဒါတွေပြည့်စုံမယ်ဆိုရင် ဒီအဖြေတွေဟာ ဖြေရှင်းထားပြီးသားဖြစ်ပါတယ်။ အခုတော့ အုပ်ချုပ်ရေးဆိုင်ရာ စာရင်းပုံစံ ကိုးမျိုးရှိတယ်။ ကျွန်တော်တို့ ပြည့်စုံမှုမရှိလို့ ဒီလိုပြဿနာတွေဖြစ်တာပါ။ နောက်တစ်ခုရှိပါတယ်။ စီးပွားရေးဆိုင်ရာ စာရင်းပုံစံခုနစ်မျိုးရှိပါတယ်။ လူမှုရေးဆိုင်ရာစာရင်းတွေ ပုံစံခုနစ်မျိုးရှိပါတယ်။ ရုံးတွင်းစီမံခန့်ခွဲမှု စာအုပ်များပုံစံလေးမျိုးရှိပါတယ်။ နောက် လုံခြုံရေးဆိုင်ရာစာအုပ်များပုံစံခုနစ်ခုရှိပါတယ်။ ဒီပုံစံတွေ အားလုံးကို မှန်မှန်ကန်ကန်ဖြည့်ဖြည့်စွက်စွက်လုပ်ထားမယ်ဆိုရင် ကျွန်တော်တို့ အုပ်ချုပ်ရေးမှာပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမဟာဗျူဟာတွေချမှတ်တဲ့ နေရာမှာပဲဖြစ်ဖြစ်၊ တိုင်းပြည်ရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုဆောင်ရွက်တဲ့နေရာမှာပဲဖြစ်ဖြစ် အားလုံး အဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ အခု ဒီလိုဖြစ်ရတဲ့ပြဿနာတွေကို ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ မဲဆန္ဒရှင်တွေ တင်ပြတဲ့အတိုင်းဆိုရင် ကျေးရွာကစာရေးတွေဟာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေမှာ မလာရောက်တဲ့အတွက်ကြောင့် Data တွေကများနေပါ တယ်။ ဒါကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေအချင်းချင်းပြောတဲ့အခါကျတော့လည်း ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဒီလိုကိစ္စတွေဖြစ်နေတယ်ဆိုတာသိရပါတယ်။ အဲဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှာ ထားရှိရမယ့် စာရင်းဇယားတွေကို တိကျမှန်ကန်ဖို့အတွက် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလို မေးမြန်းရခြင်းအကြောင်းအရင်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပုဒ်မ ၂၈၈ မှာ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့ရဲ့ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်ဆိုပြီးတော့ ပါပါတယ်။ အဲဒီအပြင် ကျေးရွာမှာရှိတဲ့ ကျေးရွာစာရေးတွေဟာလည်း အထွေထွေအုပ်ချုပ်ရေးဌာနရဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါကြောင့် ခရိုင်၊ မြို့နယ်၊ ကျေးရွာစာရေးတွေအားလုံးဟာ ပြည်ထဲရေး ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိပါတယ်။ နောက်ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့အတွက် ကြောင့် ဖြစ်လာတဲ့ သက်ဆိုင်ရာရပ်/ကျေးရဲ့ ဥက္ကဋ္ဌဟာလည်း မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ စီမံညွှန်ကြား မှုနှင့် အုပ်ချုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုစာရင်းတွေအားလုံး မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံ ဖြစ်ဖို့ဆိုတာ ပြည်ထဲရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးစားမယ်ဆိုရင် ဖြစ်လာနိုင်တဲ့ အတွက်ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းများကို ဘယ်လိုညွှန်ကြားပြီးတော့ တာဝန် ကျေပွန်အောင် ဘယ်လိုစီမံချက်ရေးဆွဲပြီးတော့ လုပ်နေတယ်ဆိုတာကို သိလိုတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေ ၄၀ အရ အုပ်ချုပ်ရေးမှူးရုံးတွေမှာ ထားရှိရမယ့် စာရင်းဇယားပုံစံ ၂၇ မျိုးထားရှိရမှာဖြစ်ပါတယ်။ ၎င်းပုံစံ ၂၇ မျိုးမှာ လစဉ်နောက်ဆုံးအခြေအနေ ကိန်းဂဏန်းအချက်အလက်များကို မှတ်တမ်းရေးသွင်းထိန်းသိမ်းထားရှိဖို့ကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူးများဦးဆောင်တဲ့အဖွဲ့ကနေပြီးတော့ နယ်မြေများပိုင်းခြားသတ်မှတ်ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိသလို ရုံးစစ်ဆေးမှုများကိုလည်း ပြုလုပ်စေလျက်ရှိပါတယ်။ သက်ဆိုင်ရာမြို့နယ်အလိုက်လည်း လစဉ် ၁၅ ရက် တစ်ကြိမ် ရပ်ကွက်ကျေးရွာအုပ်စု လစဉ် အစည်းအဝေးများပြုလုပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ လုပ်ငန်းဆိုင်ရာများမှာကြားခြင်း၊ လုပ်ငန်းဆောင်ရွက်ချက် တင်ပြချက်များအပေါ် ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မှတ်ပုံတင် ဖြည့်ဆည်းမှုများအပေါ်မှာ ခေါ်ယူစစ်ဆေးခြင်းများလည်း ဆောင်ရွက်စေလျက်ရှိပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူးမှ ရပ်ကွက်ကျေးရွာအုပ်စုစာရေးများကို မိမိတာဝန်ကျရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသို့ ပုံမှန်ရုံးတက်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်စေရေးကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့နယ်ဒုတိယဦးစီးမှူးများကို ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် နယ်မြေပိုင်းခြားတာဝန်ပေးကြပ်မတ်ဆောင်ရွက်စေလျက်ရှိပါတယ်။ ရပ်ကွက်/ကျေးရွာ အုပ်စုများမှာ တာဝန်ထမ်းဆောင်နေတဲ့ စာရေးဝန်ထမ်းများ ရုံးမှန်မှန်တက်ရောက်ဖို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်စေရေးအတွက်ကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမိန့်ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် ထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်စေလျက်ရှိပါတယ်။ တာဝန်ဝတ္တရားပျက်ကွက်မှု အပေါ် တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ တိုင်ကြားခံရလျှင်သော်လည်း ကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စစ်ဆေးအရေးယူဆောင်ရွက်ခဲ့မှုများအနေနဲ့ တာဝန်မှရပ်စဲခြင်း ၄၅ ဦး၊ မှတ်တမ်းတင် သတိပေးခြင်း ၃၃ ဦး၊ တာဝန်မှ ယာယီရပ်စဲခြင်း ခုနစ်ဦး၊ စာဖြင့် သတိပေးခြင်း ခုနစ်ဦး စုစုပေါင်း ၉၂ ဦးဖြစ်ပါတယ်။ အငယ်တန်းစာရေး(ရပ်/ကျေး)စာရေးများကို စစ်ဆေးအရေးယူခဲ့မှုများမှာ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း ငါးဦး၊ ရာထူးမှထုတ်ပယ်ခြင်းကိုးဦး၊ ရာထူးတိုးရပ်ဆိုင်းခြင်းလေးဦး၊ နှစ်တိုးရပ်ဆိုင်းခြင်းငါးဦး၊ လစာနှုန်းအတွင်း လစာလျှော့ချခြင်းနှစ်ဦး၊ မှတ်တမ်းတင်သတိပေးခြင်းခြောက်ဦး စုစုပေါင်း ၃၁ ဦး ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများကို စစ်ဆေးအရေးယူဆောင်ရွက်မှုကတော့ တာဝန်မှရပ်စဲခြင်း လေးဦးနှင့် မှတ်တမ်းတင်သတိပေးခြင်း ရှစ်ဦး စုစုပေါင်း ၁၂ ဦးဖြစ်ပါတယ်။ သို့ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှာရှိတဲ့ အငယ်တန်းစာရေး(ရပ်/ကျေး)ဝန်ထမ်းများကို ပုံမှန်ရုံးတက်ပြီး ရုံးလုပ်ငန်းများဆောင်ရွက်ရန်နှင့် စာရင်းဇယားများတိကျမှန်ကန်စွာ ဖြည့်သွင်းစေရေးအတွက်ကို အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်မှလည်း စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ တာဝန်ဝတ္တရားပျက်ကွက်မှုများဖြစ်ပေါ်လာပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခု စီးပွားရေးဆိုင်ရာစာရင်းများက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လူမှုရေး၊ စီးပွားရေးအခြေပြစာရင်း စ/ပုံစံ ၁၃ ဆိုတာ ပါပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ဒီစာရင်းတွေကို ကောက်တဲ့အခါကျရင် လက်ရှိမြေပြင်မှာရှိတဲ့စာရင်းကိုကောက်တာလား။ အဲဒီလိုမဟုတ်ရင် တရားဝင်လိုင်စင်တင်ထားသော လုပ်ငန်းများကိုသာကောက်တာလားဆိုတာလည်း တိတိကျကျသိချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီဥစ္စာက အရေးကြီးပါတယ်။ ကျွန်တော်တို့ ပြည်သူအနေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာစာရေးက လုပ်ရတာမှန်ပေမဲ့ ကျွန်တော်တို့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုရှိတယ်ဆိုရင်

ပိုပြီးတော့ ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီစာရင်းတွေဟာ ပြည်သူကသိချင်လို့ မေးတဲ့အခါကျရင် ဒီစာရင်းတွေဟာ မြေပြင်စာရင်းဟုတ်/မဟုတ် တကယ်လို့ တရားဝင်လုပ်ငန်းပဲ ကောက်တာဆိုရင်လည်း ပြည်သူအနေနဲ့ သိစေချင်ပါတယ်။

အဲဒီလိုမဟုတ်ဘဲနဲ့ မြေပြင်မှာရှိတဲ့ စာရင်းတွေအားလုံးကောက်တယ်ဆိုရင်လည်း မြေပြင်မှာ ရှိတဲ့စာရင်းမှာ လိုအပ်တဲ့ဟာကို ပြည်သူက ဝိုင်းဝန်းကူညီပြီးတော့ ကောက်ပေးလို့ရပါတယ်။ အဲဒီအတွက်ကြောင့် အဓိကအားဖြင့် ဒီအခြေပြုစာရင်းတွေကိုကောက်တဲ့အခါကျရင် လက်ရှိမြေပြင်မှာ ရှိတဲ့စာရင်းအတိုင်းလား။ အဲဒီလိုမဟုတ်ရင် တရားဝင် မှတ်ပုံတင်ထားသော လုပ်ငန်းများကိုသာ ကောက်တာလားဆိုတာလည်း ရှင်းရှင်းလင်းလင်းသိချင်တဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးရွာအုပ်ချုပ်ရေး စာရင်းများမှ ဖြည့်သွင်းရမယ့် မှတ်ပုံတင်စာရင်း ၂၇ မျိုးအနက်မှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ထပ်ဆင့်မေးခဲ့တဲ့ စီးပွားရေးဆိုင်ရာစာရင်းများမှ စာရင်းဇယားအရ ခုနစ်ခုရှိပါတယ်။ (၁) ကျေးရွာရှိ လူဦးရေအင်အားနှင့် လယ်လုပ်ကိရိယာအင်အားအခြေအနေ၊ (၂) တောင်သူတစ်ဦးချင်းအလိုက် လုပ်ပိုင်ခွင့်ရမြေဧရိယာစာရင်း၊ (၃) ရာသီအလိုက်သီးနှံစိုက်ပျိုးမှုအခြေအနေ၊ (၄) မျိုးကောင်းမျိုးသန့် ပြန့်ပွားမှုအခြေအနေ၊ (၅) တိရစ္ဆာန်ရောဂါဖြစ်ပွားကျရောက်မှုစာရင်း၊ (၆) ရေလုပ်ငန်းစာရင်းနှင့် (၇) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လူမှုရေး၊ စီးပွားရေးအခြေပြုစာရင်းဆိုပြီးတော့ စီးပွားရေးဆိုင်ရာ အားလုံးစုစုပေါင်း မှတ်ပုံတင် ခုနစ်မျိုးရှိပါတယ်။ ဒီစာရင်းဇယားများကိုကောက်ယူတဲ့အခါမှာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရပ်ကွက်စာရေးများကတော့ မြေပြင်မှာ အမှန်ရှိတဲ့ စာရင်းဇယားများကို ကောက်ယူတင်ပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အပေါ်က အုပ်ချုပ်ရေးအဖွဲ့အစည်းများ အနေနဲ့ကတော့ သက်ဆိုင်ရာမြို့နယ်အဖွဲ့အနေနဲ့ စာရင်းဇယားတိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ မြေပြင်က ရရှိတဲ့စာရင်းနှင့် ခွင့်ပြုထားတဲ့စာရင်း ကွဲလွဲမှုရှိတယ်ဆိုရင် ကျန်ရှိတဲ့စာရင်းများအရ အများနှင့်ပတ်သက်ပြီးတော့ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်အညီလည်း စစ်ဆေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ စီးပွားရေးဆိုင်ရာ စာရင်းဇယားများဟာ လက်ရှိမြေပြင်အမှန်စာရင်းဇယားများကိုသာ ကောက်ယူဖြည့်စွက်တင်ပြရမှာ

ဖြစ်ကြောင်းနဲ့ တရားဝင်စာရင်းဇယားများနဲ့ တိုက်ဆိုင်စစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သလို ကြပ်မတ်စစ်ဆေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရဲတပ်ဖွဲ့အင်အားအနေအထားအရ ရာခိုင်နှုန်းမည်မျှထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားပေးနိုင်ခြင်း ရှိ/မရှိ၊ ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေသောအမှုများ၏ အဓိကအခက်အခဲနှင့် ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း ရှိ/မရှိ၊ မှုခင်းကျဆင်းရေးအထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ/မရှိ၊ ပြေး(၄)ပြေးနှင့်ပတ်သက်၍ မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရဲလုပ်ငန်းတွေနဲ့ပတ်သက်လို့ မှုခင်းကျဆင်းရေးဆိုင်ရာကိစ္စတွေနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်ရပါတယ်။ ရဲစခန်းအသီးသီးမှာလည်း ရဲတပ်ဖွဲ့ဆိုင်ရာမှတ်တမ်းပုံစံ ၃၇ မျိုးထားရှိပြီးတော့ မှတ်တမ်းရေးသွင်းထိန်းသိမ်းဆောင်ရွက်ကြရကြောင်း သိရပါတယ်။ အမှုများကို စာရင်းပြုစုထိန်းသိမ်းမှတ်တမ်းတင်တဲ့အခါမှာ အမှုကြီး ၁၀ မျိုးဖြစ်တဲ့ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ နိုင်ငံတော်ပုန်ကန်မှု၊ လက်နက်(အရေးပေါ်)နဲ့ မတရားအသင်းမှုတွေ၊ အခြားအမှု ၁၀ မျိုးဖြစ်တဲ့ ပုဒ်မ ၆၁ အမှု၊ ခိုးမှုခြောက်မျိုး၊ နာကျင်စေမှုနှစ်မျိုးနှင့် အခြားအမှုတွေနဲ့ ကြိုတင်ကာကွယ်မှုကုးမျိုးဖြစ်တဲ့ လက်နက်ပုန်း၊ လောင်းကစား၊ ပြည့်တန်ဆာ၊ မူးယစ်ဆေးဝါး၊ ခြေချုပ်နှင့်ခံဝန်မှု၊ ကျင့်ထုံး (၅၄/၅၅) ဆိုင်ရာအမှု၊ ရဲအက်ဥပဒေ၊ ဖျက်သိမ်းပြီးဖြစ်တဲ့ အရေးပေါ်စီမံချက်ဥပဒေပုဒ်မ ၅(ည)၊ ဗွီဒီယို၊ ယစ်မျိုးဆိုင်ရာအမှုတွေနဲ့ ပြေးလေးပြေးလို့ခေါ်တဲ့ တပ်ပြေး၊ ရဲပြေး၊ တရားခံပြေးနှင့် အချုပ်သားပြေး ဖမ်းဆီးခြင်းစတဲ့လုပ်ငန်းတွေ ဆောင်ရွက်ကြရပါတယ်။ စာရင်းမှတ်တမ်းလချုပ်များ ပြုစုဆောင်ရွက်ကြရကြောင်းနှင့် ပြက္ခဒိန်နှစ်အလိုက် နှစ်ချုပ်စာရင်း ရေးဆွဲရကြောင်းသိရပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် တရားဥပဒေစိုးမိုးမှု၊

နယ်မြေအေးချမ်းသာယာတည်ငြိမ်မှုဟာ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖွဲ့စည်းထားတဲ့ ရဲဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားမှုအနေအထားအရ နိုင်ငံလူဦးရေအချိုးနှင့် မညီမျှမှု ဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အထောက်အကူပြုဆိုင်ရာပစ္စည်းနှင့် ရန်ပုံငွေ မပြည့်စုံနိုင်သေးတာကိုလည်း ကြားသိရပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးခွန်းလေးခုနှင့်ပတ်သက်လို့ မေးမြန်းလိုပါတယ်။ (၁) နိုင်ငံမှာရှိတဲ့ လူဦးရေအရ နိုင်ငံတကာစံနှုန်းနှင့်အညီ ခန့်အပ်မယ်ဆိုလျှင် လက်ရှိခန့်ထားပြီးရဲတပ်ဖွဲ့အင်အားအနေအထားအရ ရာခိုင်နှုန်းဘယ်လောက်အထိ ခန့်ထားနိုင်သေးကြောင်း ဖြေကြားနိုင်ခြင်းရှိ/မရှိ၊ (၂) အမှုကြီး ၁၀ မျိုး၊ အခြားအမှု ၁၀ မျိုးနှင့် ကြိုတင်ကာကွယ်မှုကိုးမျိုးတို့နှင့်ပတ်သက်ပြီး ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့တဲ့အမှုများနှင့်ပတ်သက်လို့ စာရင်းဖွင့်အမှု၊ တစ်နှစ်အတွင်းဖြစ်ပွားတဲ့အမှု၊ စွဲဆိုတဲ့အမှု၊ ပိတ်သိမ်းတဲ့အမှု၊ လက်ကျန်အမှုများအခြေအနေ၊ ၂၀၁၆ ခုနှစ်မှာ ဖြစ်ပွားမှု အများဆုံးအမှုတွေနဲ့ ပတ်သက်လို့ ဘယ်ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ ဖြစ်ပွားခဲ့ကြောင်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ပြီးပြတ်မှုမရှိဘဲ ကျန်ရှိနေတဲ့အမှုတွေနဲ့ အဓိကအခက်အခဲနှင့် ဆောင်ရွက်နေမှုအကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်းရှိ/မရှိ၊ (၃) ၂၀၁၆ ခုနှစ်မှာ အမှုဖြစ်ပွားမှု အများဆုံးပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ မှုခင်းကျဆင်းရေး၊ ကြိုတင်ကာကွယ်ရေးအစီအမံတွေ ပိုပြီးထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ အထူးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် အစီအမံများ ရှိ/မရှိနှင့် ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ၊ (၄) ပြေးလေးပြေးနှင့် ပတ်သက်လို့ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်တွေရဲ့ စာရင်းဖွင့်လက်ကျန်၊ တစ်နှစ်အတွင်း ဖြစ်ပွားမှု၊ ဖမ်းဆီးဖော်ထုတ်နိုင်မှုနှင့် မဖမ်းဆီးနိုင်တဲ့လက်ကျန်အခြေအနေ၊ ပြီးတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ လက်ကျန်အများဆုံးကျန်ရှိနေတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေရဲ့ အခြေအနေအကြောင်းအရင်း၊ နောက ဒေသတွေကို ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်မှာဖြစ်ကြောင်း ရှင်းလင်းချပြနိုင်ခြင်းရှိ/မရှိ သိလိုကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူများဘဝအေးချမ်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတွင်ရှိသောလူဦးရေအရ နိုင်ငံတကာစံနှုန်းနှင့်အညီ ခန့်အပ်မည်ဆိုလျှင် လက်ရှိခန့်ထားပြီး ရဲတပ်ဖွဲ့ဝင်အင်အားအနေအထားအရ ရာခိုင်နှုန်းမည်မျှအထိပဲ ခန့်ထားနိုင်သေးကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ရဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ ရဲတပ်ဖွဲ့ဝင်အင်အားနှင့် ပြည်သူလူထုရဲ့အချိုးမှာ ၁ း ၆၅၀ ဦးဖြစ်ကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတကာစံနှုန်းအရ ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူအချိုးမှာ ၁ း ၄၀၀ ဖြစ်ပြီးတော့ ထိုစံနှုန်းအရ ပြည့်မီအောင်ခန့်အပ်မည်ဆိုပါက ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၇၅၀၀ ဦးရှိရမှာ ဖြစ်ပါတယ်။ လက်ရှိ ရဲတပ်ဖွဲ့ဝင်အင်အားအရ နိုင်ငံတကာစံနှုန်းများနှင့်အညီ ခန့်အပ်ထားနိုင်မှုမှာ ၆၁.၅ ရာခိုင်နှုန်းသာ ခန့်အပ်နိုင်ပါသေးတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အနေဖြင့် ရဲတပ်ဖွဲ့ဝင်အင်အားများပြည့်မီအောင် ဖြည့်တင်းနိုင်ရေးအတွက်ကိုလည်း ရဲတပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ရေးစီမံချက်များကို ရေးဆွဲပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရဲတပ်သားသစ်များ စုဆောင်းရရှိရေးကိုလည်း အလေးထားကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ အမှုဖြစ်ပွားမှု၊ စွဲဆိုမှု၊ ပိတ်သိမ်းမှုများနှင့်စပ်လျဉ်းပြီး ၂၀၁၄ ခုနှစ်တွင် အမှုကြီး ၁၀ မျိုးအနေနဲ့ ၂၃၆၂ မှုဖြစ်ပွားခဲ့ပြီးတော့ ၂၁၅၃ မှု တရားစွဲတင်ခဲ့ပါတယ်။ ၁၈၆ မှုပိတ်သိမ်းပြီး ၂၃ မှုလက်ကျန်ရှိပါတယ်။ အခြားအမှု ၁၀ မျိုးအနေနဲ့ တရားစွဲတင်ခဲ့တဲ့အမှုပေါင်း ၄၂၇၀ ပဲ ဖြစ်ပွားခဲ့ပြီးတော့ ကျွန်တော်တို့ ၄၈၅၂၉ မှုကို တရားစွဲတင်ခဲ့ပါတယ်။ ၅၅၆၆ မှုကို ပိတ်သိမ်းပြီး ၁၇၅ မှု လက်ကျန်ကျန်ရှိပါတယ်။ ကြိုတင်ကာကွယ်မှု ၁၀ မျိုးအနေနဲ့ ၈၂၈၇၆ မှု ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပြီး ၈၂၁၉၇ မှု တရားစွဲ တင်ခဲ့ပြီးတော့ ၆၇၁ မှု ပိတ်သိမ်းခဲ့တဲ့အတွက် ရှစ်မှုလက်ကျန် ကျန်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အမှုကြီး ၁၀ မျိုးအနေနဲ့ ၂၂၉၇ မှု ဖြစ်ပွားခဲ့ပြီး ၂၀၉၃ မှုကို တရားစွဲတင်ခဲ့ပါတယ်။ ၁၃၉ မှု ပိတ်သိမ်းတဲ့အတွက် ၆၅ မှု လက်ကျန်ကျန်ရှိပါတယ်။ အခြားအမှု ၁၀ မှုအနေနဲ့ ၅၅၂၂၄ မှု ဖြစ်ပွားပြီး ၄၇၉၇၁ မှု တရားစွဲတင်ခဲ့ပါတယ်။ ၅၆၄၀ မှု ပိတ်သိမ်းပြီး ၁၆၁၃ မှု လက်ကျန်ကျန်ရှိပါတယ်။ ကြိုတင်ကာကွယ်မှု

**မူကြမ်း**

၁၀ မျိုးအနေနဲ့ ၈၂၆၆၃ မှု ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပြီး ၈၂၀၅၂ မှုတရားစွဲတင်ကာ ၅၅၀ မှု ပိတ်သိမ်းတဲ့အတွက် ၆၁ မှု လက်ကျန် ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ အမှုကြီး ၁၀ မျိုးအနေနဲ့ ၂၈၄၃ မှု ဖြစ်ပွားခဲ့ပြီး ၂၃၆၇ မှု တရားစွဲတင်ခဲ့ပြီး ၅၆ မှု ပိတ်သိမ်းပြီး ၄၂၀ မှု လက်ကျန်ကျန်ရှိပါတယ်။ အခြားအမှု ၁၀ မျိုးအနေနဲ့ ၆၂၆၂၈ မှု ဖြစ်ပွားပြီး ၄၆၉၀၀ မှု တရားစွဲတင်ခဲ့ပြီး ၃၂၆၅ မှု ပိတ်သိမ်းခဲ့တဲ့အတွက် ၁၂၄၆၃ မှု လက်ကျန်ကျန်ရှိပါတယ်။ ကြိုတင်ကာကွယ်မှု ၁၀ မျိုးအနေနဲ့ ၁၇၃၃၁၉ မှု ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပြီး ၁၇၁၄၁၅ မှု တရားစွဲတင်ကာ ၅၁၄ မှု ပိတ်သိမ်းခဲ့တဲ့အတွက် ၁၃၉၀ မှု လက်ကျန်ကျန်ရှိနေပါတယ်။

၂၀၁၆ ခုနှစ်မှာ အမှုလက်ကျန်များပြားနေရခြင်းမှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ ရေးဖွင့်ခဲ့တဲအမှုများဖြစ်ပြီးတော့ တရားခံများ ထွက်ပြေးတိမ်းရှောင်ခြင်း၊ သက်သေများခရီးလွန်နေခြင်း၊ လယ်ယာမြေနှင့်ဆက်နွယ်သည့်မှုခင်းများ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်သို့ အယူခံတက်ရောက်နေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၊ တရားလို၊ တရားခံ၊ သက်သေများအဖြစ် ပါဝင်မှုများမှာ ၎င်းတို့ကို အချိန်မီစစ်ဆေးဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အချို့ဒေသတွေမှာ နယ်မြေလုံခြုံရေးအရ ရဲလုပ်ငန်းများဆောင်ရွက်ရာမှာ အခက်အခဲရှိခြင်းတို့ကြောင့် မှုခင်းများ ကြန့်ကြာလျက်ရှိပါတယ်။ ထိုသို့ကြန့်ကြာလျက်ရှိသော်လည်းပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တရားစွဲဆိုနိုင်ခြင်းမရှိသေးတဲ့အမှုတွေကို အမြန်စစ်ဆေးဖော်ထုတ်တရားစွဲဆိုနိုင်ရေးအတွက် လက်ကျန်အမှုတွေကို တာဝန်ရှိသူအဆင့်ဆင့်မှ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အမှုတွဲတန်းစီစစ်ဆေး(Case Parade)ပြုလုပ်ပြီးတော့ စစ်ဆေးကြပ်မတ်ခြင်း၊ အမှုမှထွက်ပြေးတိမ်းရှောင်နေတဲ့တရားခံများကို အမှုစစ်များမှ လိုက်လံစုံစမ်းဖမ်းဆီးဆောင်ရွက်ခြင်းနှင့် တရားခံများသွားလာနေထိုင်တဲ့နေရပ်များကို စုံစမ်းနိုင်ရေးအတွက် ရဲစခန်းအချင်းချင်းဆက်သွယ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရဲလုပ်ငန်းများ လွယ်ကူလျင်မြန်စေပြီး လက်ကျန်အမှုများ၊ သက်ဆိုင်ရာတရားရုံးအသီးသီးသို့ အချိန်မီ တရားစွဲဆိုတင်ပို့နိုင်မှာဖြစ်ပါတယ်။ အမှုဖြစ်ပွားမှုများအပေါ်မှာလည်း ဖြစ်ပွားသည့်အမှုတစ်ခုချင်းအပေါ်မှာ လေ့လာသုံးသပ်ပြီး မှုခင်းလျှော့နည်းကျဆင်းရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ အမှုအများဆုံး ဖြစ်ပွားတဲ့ ပြည်နယ်/တိုင်းဒေသကြီးများနှင့် မှုခင်းကျဆင်းရေးနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်မှာ ဖြစ်ပွားမှုအများဆုံးအမှုမှာ အမှုကြီး ၁၀ မျိုးမှာ လူသတ်မှုအများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပြီး လူသတ်မှုစုစုပေါင်း ၁၃၀၈ မှု ဖြစ်ပွားခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း

တွေ့ရှိရပါတယ်။ အခြားအမှု ၁၀ မျိုးမှာ အများဆုံးဖြစ်ပွားမှုမှာ ယာဉ်မတော်ဆမှုကြောင့်ဖြစ်ပွားခဲ့တဲ့ နာကျင်မှုအမှုဖြစ်ပြီး ၁၆၆၄၀ မှု ဖြစ်ပွားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန် တိုင်းဒေသကြီးတို့မှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အနေနဲ့ နှစ်စဉ်မှုခင်းကျဆင်းရေးအတွက် မှုခင်းအများဆုံး တိုင်းဒေသကြီး/ပြည်နယ်များ၊ အများဆုံးဖြစ်ပွားသည့်မှုခင်းများအပေါ် သုံးသပ်ပြီး မှုခင်းကျဆင်းရေး စီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူလူထုအား အထိတ်တလန့် ဖြစ်စေသည့်မှုခင်းများ၊ ပြည်သူ့ဘဝလုံခြုံမှုကို ထိခိုက်စေသောမှုခင်းများ၊ အများဆုံးဖြစ်ပွားတဲ့မှုခင်း များနှင့်စပ်လျဉ်းပြီး သီးခြားစီမံချက်များဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိရာ လူသတ်မှုလျော့နည်း ကျဆင်းရေးစီမံချက်၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးစီမံချက်၊ ယာဉ်တိုက်မှု မတော်တဆမှုလျော့နည်းပပျောက်ရေးစီမံချက်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးစီမံ ချက်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံချက်၊ လောင်းကစားမှုပပျောက်ရေးစီမံချက်၊ လက်နက် ပုန်းဖော်ထုတ်ဖမ်းဆီးရမိရေးစီမံချက် စတဲ့စီမံချက်များကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲစခန်းအလိုက် မိမိဒေသတွေမှာ ဖြစ်ပွားနေတဲ့အမှုအမျိုးအစားနှင့် ဖြစ်ပွားမှုအပေါ် အခြေခံပြီး ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းလျော့နည်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်လုပ်ငန်း ဆောင်ရွက်ရာမှာ ပြည်သူလူထုကိုမှုခင်းအသိပညာနှင့် ဥပဒေအသိပညာပေးခြင်းလုပ်ငန်းများကို မြို့ပေါ်နှင့် ကျေးလက်ဒေသများပါမကျန် လူတန်းစား၊ အလွှာအသီးသီးမှာ ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိ ရောက်ရောက်ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြေးလေးပြေးနှင့်ပတ်သက်ပြီး အစီအမံများ ချမှတ်မှုဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်ပြီး ၂၀၁၄ ခုနှစ်မှာ ယခင်နှစ် လက်ကျန် ၂၁၃၇၀ ဦး၊ ထပ်တိုး ၇၃၀၀ ဦး စုစုပေါင်း ၂၈၆၇၀ ဦးအနက် ၈၄၃၃ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၅၀ ဦးပယ်ဖျက်ခဲ့တဲ့အတွက် ၁၉၄၈၇ ဦး ဖမ်းဆီးရန်ကျန်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာ ယခင်နှစ် လက်ကျန်နှင့် ထပ်တိုး စုစုပေါင်း ၂၆၉၆၈ ဦးနှင့် ၈၅၆၄ ဦး ဖမ်းဆီးရမိပြီး ၁၃၉ ဦး ပယ်ဖျက်ခဲ့တဲ့ အတွက် ၁၈၂၆၅ ဦး ဖမ်းဆီးရန် ကျန်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ယခင်နှစ်လက်ကျန်နှင့် ထပ်တိုး စုစုပေါင်း ၂၄၇၄၅ ဦးအနက် ၆၃၇၆ ဦး ဖမ်းဆီးရမိပြီး ၇၂ ဦးပယ်ဖျက်ခဲ့တဲ့အတွက် ၁၈၂၉၇ ဦး ဖမ်းဆီးရန်ကျန်ရှိပါတယ်။ ပြေးလေးပြေးဖမ်းဆီးရန် အများဆုံးကျန်ရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်များ မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ပါတယ်။ နေ့စဉ်ဖြစ်ပွားလျက် ရှိတဲ့အမှုများမှာ တရားခံအချို့မှာ မိမိကျူးလွန်ခဲ့တဲ့ပြစ်မှုများအတွက် တရားဥပဒေနှင့်အညီ ရင်ဆိုင်

ဖြေရှင်းခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်ကြတဲ့အပြင် ထွက်ပြေးတိမ်းရှောင်နေတဲ့ကာလအတွင်း ပြစ်မှုများထပ်မံကျူးလွန်နိုင်တဲ့အတွက် ရပ်ရွာတည်ငြိမ်ရေးနှင့် အေးချမ်းရေးကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ပြေးလေးပြေးဖမ်းဆီးရမိရေးအတွက်ကိုလည်း စီမံချက်များ ရေးဆွဲပြီး အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တရားခံပြေးများကို လက်ခံသူများကိုလည်း ဥပဒေအရအရေးယူဆောင်ရွက်ခြင်း၊ ရဲစခန်းအချင်းချင်းချိတ်ဆက်ပူးပေါင်းဖမ်းဆီးဆောင်ရွက်ခြင်း၊ ဖမ်းဆီးရမိပါက ထွက်ပြေးတိမ်းရှောင်နေစဉ်အတွင်း ပြစ်မှုများ ထပ်မံကျူးလွန်ခြင်းရှိ/မရှိ စစ်ဆေးဖော်ထုတ်ခြင်းများကိုလည်း အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အနေဖြင့် ပြည်သူ့ဘဝအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတကာစံနှုန်းနှင့်အညီ လိုအပ်သည့်ရဲတပ်ဖွဲ့ဝင်အင်အားပြည့်မီနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်စီမံဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်နှင့် ရပ်ရွာပြည်သူများ အခြေပြုရဲလုပ်ငန်းစနစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဖြစ်ပွားသည့်အမှုများကို လက်ကျန်မရှိအောင် စုံစမ်းဖော်ထုတ်တရားစွဲတင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြေးလေးပြေးများကိုလည်း လက်ကျန်မရှိအောင် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အစီအမံများဖြင့် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အခုလို ပြန်လည်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီတရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီးတော့ ဆက်စပ်မေးခွန်းလေး လေးခုမေးချင်ပါတယ်။ မေးခွန်းနှင့်ပတ်သက်လို့လည်း ကြိုတင်ဖြေကြားနိုင်ဖို့ ဒုတိယဝန်ကြီးကို ကျွန်တော်ကြိုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်မေးချင်တဲ့မေးခွန်းလေးခုနှင့်ပတ်သက်လို့ (၁) အထူးကိစ္စရပ်အနေနဲ့ မြန်မာအမျိုးသမီးတွေရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တဲ့ အနေနဲ့ မုဒိမ်းမှု၊ အမျိုးသမီးတရားခံကိစ္စရပ်တွေနဲ့ပတ်သက်ပြီးတော့ စစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားရုံးထုတ်ခြင်း စသည့်ကိစ္စရပ်တွေမှာ အမျိုးသမီးရဲမေတွေ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းပဲ မေးပါ။ ပထမမေးထားတဲ့မေးခွန်း လေးမျိုးရှိတယ်။ အမှန်က ကိုယ်စားလှယ်က နည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(က)အရ အကြောင်းအရာကိစ္စတစ်ခုကို သိလိုတဲ့ မေးခွန်းပဲ ဖြစ်ရမယ်။ ဒီမှာရှိ/မရှိ မေးခွန်းလေးခုကို ပေါင်းမေးသွားတယ်။ ထားပါတော့။ အခု ဆက်စပ်မေးခွန်းက ဒီလေးခုစလုံးမှာ တစ်ခုမှမပါဘူး။ ဒါကြောင့်မို့လို့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ရင် မေးပါ။ နောက်တစ်ခုက အခုနက ကိုယ်စားလှယ်ကြီးပြောသွားတယ်။ မေးခဲ့ပါတယ်။ မေးခဲ့ပြီးသား၊ လွှတ်တော်မှာဖြေပြီးသားမေးခွန်းသည် ထပ်ပြီးတော့ မေးခွင့်မရှိပါဘူး။ အဲဒီတော့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၁ နည်းဥပဒေခွဲ(က)ကို လေ့လာစေလိုက်နာဖို့ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ တရားစီရင်ရေးကဏ္ဍမှာ အဂတိတရားတွေများပြီးတော့ တိမ်းစောင်းနေမှုကို တည့်မတ်ထိန်းကျောင်းပေးဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းတဲ့အဆိုပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နေကြတဲ့ တရားသူကြီးများနှင့် ဝန်ထမ်းများဟာ ပြည်သူလူထုအတွင်းမှာဖြစ်ပေါ်နေတဲ့ ပြဿနာအရပ်ရပ်ကို ဥပဒေအရ ဆောင်ရွက်ရာမှာ အဂတိတရားကင်းပြီး သမာသမတ်ကျကျစီရင်ဆောင်ရွက်မှသာလျှင် ပြည်သူလူထုအလေးထားယုံကြည်တဲ့၊ တည့်မတ်တဲ့မဏ္ဍိုင် ကဏ္ဍတစ်ခုဖြစ်မှာဖြစ်ပါတယ်။ ဥပဒေဆိုတာဟာ လူမှုဘဝလုံခြုံရေးအတွက် အာမခံရခြင်း၊ လွတ်လပ်မှုကိုမပိတ်ပင်ရခြင်း၊ တရားမျှတမှုကို

ဖော်ဆောင်ပေးရခြင်း၊ လူသားတို့ရဲ့စစ်မှန်တဲ့အကျိုးစီးပွားနှင့် နေထိုင်မှုဘဝများကို အကာအကွယ်ပေးရခြင်း၊ ပြစ်ဒဏ်များချမှတ်ရာမှာ ပြစ်မှု ပြစ်ဒဏ်ကို ညီမျှအောင် နှိုင်းယှဉ်ဆောင်ရွက်ပေးရခြင်းတို့ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်မှသာ တရားစီရင်ရေးဆိုင်ရာရုံးတော်တွေဟာ အဂတိတရားကင်းရှင်းပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ တရားရုံးမှာဟာ စံပြဖြစ်နေမှာဖြစ်ပြီးတော့ ဒီလိုမှမဟုတ်ဘဲ ဥပဒေကို မိမိလိုသလိုဆွဲယူအသုံးချခြင်း၊ လာဘ်လာဘအပေါ် အခြေခံပြီးတော့ ဥပဒေကို လက်တစ်လုံးကြားပြုလုပ်ခြင်း၊ သားရေကြိုးကဲ့သို့ အတိုးအလျှော့ပြုလုပ်ခြင်းရှိနေပါက မိမိကိုယ်တိုင်မှ ဥပဒေကိုလေးစားလိုက်နာမှုမရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်အပေါ် လျစ်လျူရှုနေတဲ့အဖွဲ့ဖြစ်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ တရားစီရင်ရေးကိုကြည့်မယ်ဆိုရင် မူလအမှုများကိုသာ စစ်ဆေးဆုံးဖြတ်ကြရတဲ့ မြို့နယ်တရားရုံးများအနေနဲ့ အာမခံပေးရမယ့်အမှုတွေမှာ ခံဝန်အထောက်အထားလုံလောက်စွာတင်ပြပါလျက် ငွေကြေးလာဘ်လာဘမရလျှင် အကြောင်းအမျိုးမျိုးပြပြီးတော့ အချိန်ဆွဲနေခြင်းကြောင့် ကျွန်တော်တို့ အမှုသည်တွေဟာ များစွာအခက်အခဲတွေ့နေရပါတယ်။ အာမခံမပေးနိုင်တဲ့ရာဇဝတ်မှုများကို ၎င်းတို့အလိုကျ ငွေကြေးလာဘ်လာဘရတဲ့အခါ ချက်ချင်းအာမခံပေးတဲ့အတွက်နောက်ပိုင်းမှာ မလိုလားအပ်တဲ့ပြဿနာတွေ ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ မူလရုံးတော်တွေက ချမှတ်တဲ့အမှုများကို ကျေနပ်မှုမရှိတဲ့ ကျွန်တော်တို့ အမှုသည်များက အထက်တရားရုံးများကို အယူခံပြင်ဆင်တက်တဲ့အခါမှာလည်းပဲ မူလတရားရုံးတွေက စစ်ဆေးချက်မှတ်တမ်းများကို လျစ်လျူရှုပြီးတော့ ငွေကြေးလာဘ်လာဘအပေါ် အဓိကထားဆုံးဖြတ်နေတာကို များသောအားဖြင့် ခရိုင်တရားရုံးကဏ္ဍတွေမှာ ကျွန်တော်တို့ မြောက်မြားစွာတွေ့နေရတာဖြစ်ပါတယ်။ အချို့တရားသူကြီးတွေဟာ ၎င်းတို့ရဲ့ စာရေးဝန်ထမ်းတွေကို ကြားခံဆက်သွယ်ထားပြီးတော့ လာဘ်လာဘများရယူနေတယ်။ မိမိတို့ လက်ခံကြားနာစစ်ဆေးတဲ့အမှုနဲ့ပတ်သက်ပြီးတော့ တစ်ဖက်ဖက်မှ တိုင်ကြားမှုရှိလာလို့ရှိရင် တိုင်ကြားသူဘက်အပေါ် ကြောက်ရွံ့ပြီးတော့ တိုင်ကြားခံရတဲ့ဘက်ကို ဖိအားပေးပြီးတော့ စစ်ဆေးနေကြတယ်။ ရုံးနဲ့ရင်းနှီးမှုရယူထားတဲ့ အမှုပွဲစားတွေကို မသိဟန်ဆောင်ပြီးတော့ လက်ခံနေကြတယ်။

ကျေအေးရုပ်သိမ်းခွင့်ရှိတဲ့ ရာဇဝတ်မှုများကို အမှုသည်အချင်းချင်း ကျေအေးရုပ်သိမ်းကြရာမှ ရုံးတော်တွေက တောင်းဆိုထားတဲ့ငွေကြေးမပေးနိုင်ပါက အချိန်ဆွဲထားတယ်။ ကျေအေးရုပ်သိမ်းခွင့်မပေးဘူး။ ကျေအေးရုပ်သိမ်းတဲ့နေရာမှာလည်းပဲ မြို့နယ်အဆင့်မှာသာဆောင်ရွက်ခွင့်ရှိတဲ့အမှုဖြစ်ပေမဲ့လို့ အဆင့်မြင့်ရုံးတော်တွေအတွက်ကိုပါ အမှုသည်တွေက တောင်းပြီးတော့ ပေးနေရတာကို

**မူကြမ်း**

သွားတွေ့ရတာဖြစ်ပါတယ်။ အချို့အမှုတွေဟာ တရားခံက အာမခံမယူဘဲနဲ့ အချုပ်ဖြင့်ထုချေနေသော်လည်းပဲ ရုံးတော်က အမိန့်ချမှတ်တဲ့နေ့မှာ တရားခံတွေက ချုပ်ရက်နဲ့လွတ်ပါလျက်နဲ့ ရုံးရှေ့မှာ တရားခံကို မလွှတ်တဲ့အခါကျတော့ ရုံးချုပ်ကိုခေါ်သွားတယ်။ ရုံးချုပ်ရောက်တဲ့အခါမှာ ငွေကြေးတွေ တစ်ခါထပ်မံပြီးတော့ ပေးနေရတာမျိုးတွေကိုလည်း ကျွန်တော်တို့ တွေ့ရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ တရားစီရင်ရေးကဏ္ဍမှာ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ အကျင့်ပျက်ခြစားမှုတွေဟာ အခုမှ ဖြစ်တာမဟုတ်ပါဘူး။ ယခင် ဆယ်စုနှစ် လေး၊ ငါးကြိမ်ကတည်းက အမြစ်တွယ်တည်ရှိလာတဲ့ဖြစ်ရပ်များဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ပဲ မြန်မာနိုင်ငံ တရားစီရင်ရေးမှာ အဂတိတရားမကင်းဘဲနဲ့ ဆောင်ရွက်ခြင်းအပေါ် အထူးတလည်ပြောဆိုရန် မလိုတော့ပါဘူး။ ယိုယွင်းနေတဲ့ စာရိတ္တပျက်မှုကြီးဖြစ်ပါတယ်ဆိုပြီးတော့ စာစောင်တွေမှာ အကြိမ်ကြိမ်ရေးနေတာကိုလည်း တွေ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုအနေ နဲ့ စိုးရိမ်ရွံ့ရှာမုန်းတီးပြီးတော့ အရုပ်ဆိုးအကျည်းတန်တဲ့ ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်ချမှတ်တဲ့နေရာမှာလည်းပဲ ကျူးလွန်တဲ့ ပြစ်မှုနဲ့ ချမှတ်တဲ့ပြစ်ဒဏ်ဟာ မျှတမှုမရှိတဲ့အတွက်ကြောင့် ပြည်သူလူထု အတွင်းမှာ နှာခေါင်းရှုံ့စရာ၊ အထင်သေးအမြင်သေးစရာတွေ များစွာတွေ့နေရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် သမာသမတ်ကျပြီး ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးမှာ အကျိုးနဲ့အကြောင်း၊ အကြောင်းနဲ့အကျိုး အပြန်အလှန်ဒွန်တွဲနေပါတယ်။ မဖြောင့်မမှန်စီရင်ခြင်းကြောင့် တရားဥပဒေစိုးမိုးရေးမှာလည်း သက်ဝင်ယုံကြည်မှုအားနည်းလာတာကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်တွေဟာ လက်ရှိအစိုးရအဖွဲ့စတင်တဲ့အချိန်မှာ အနည်းငယ်လျော့သွားသော်လည်းပဲ နောက်ပိုင်းမှာ တဖြည်းဖြည်းပြန်တက်လာတာ ယခုဆိုလို့ရှိရင် ယခင်အရှိန်အဟုန်အတိုင်းပင် ပြန်လည်ပြီးတော့ လှုပ်ရှားနေတာကို တွေ့ရပါတယ်။ ဒီလိုတရားဥပဒေကို အကျင့်ပျက်ခြစားမှုတွေက အနိုင်ယူထားတဲ့ မကောင်းမှုအကျိုးဆက်များကို အဓိကခံစားနေရတဲ့ လူတွေဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။ ဥပဒေရဲ့သဘောသဘာဝအရ ဥပဒေစိုးမိုးမှုအားနည်းနေတာ အကျင့်ပျက်ခြစားမှုက အားကောင်းနေလို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေဖြင့် ဥပဒေစိုးမိုးမှု အားကောင်းစေလို့ရှိရင် အကျင့်ပျက်ခြစားမှုကို အားနည်းသွားအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားရုံးများအနေဖြင့် အကျင့်ပျက်ခြစားမှုများအားကောင်းနေတဲ့အတွက် ပြည်သူလူလုအနေဖြင့် တရားစီရင်ရေးအပေါ်မှာ အားကိုးယုံကြည်မှုနည်းပါးလာပြီးတော့ တဖြည်းဖြည်းနဲ့ စိတ်ပျက်စရာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရတာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ တရားဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)မှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဆိုတဲ့ အပိုဒ်နဲ့ပတ်သက်ပြီးတော့ သူတို့လိုရာကိုဆွဲပြီးတော့ လွတ်လွတ်လပ်လပ်ကို မမှန်မကန်လုပ်နေကြတဲ့ အခြေအနေတွေကိုလည်း ကျွန်တော်တို့ တွေ့ရတာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံတော်ကို တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများထွန်းကားပြီး တိုင်းရင်းသားညီအကိုမောင်နှမများ ချမ်းမြေ့ပျော်ရွှင်စွာ လက်တွဲနေထိုင်ရေး အတွက် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်ခွဲခြားပြီး တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲအပြန်အလှန်ထိန်းကျောင်းမှုပြုရမယ့်အချိန်မှာ ယခု တရားစီရင်ရေးကဏ္ဍ ဟာ ချို့ယွင်းအားနည်းမှုတွေ များစွာဖြစ်နေတာကို တွေ့ရပါတယ်။ ဒီကဏ္ဍကြီးကို ထိန်းကျောင်းမှု၊ တည့်မတ်မှုမပြုလို့ရှိရင် ကျွန်တော်တို့ လိုအပ်တဲ့ပန်းတိုင်ကိုလည်း ရောက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှေ့မှာ ယနေ့ အခြေအနေနဲ့ ဖြစ်ပျက်ခဲ့တဲ့အခြေအနေများအားလုံးပေါင်းစပ်ပြီးတော့ တရားစီရင်ရေးကဏ္ဍရဲ့ အကျင့်ပျက်ခြစားမှုများကို၊ ယိုယွင်းအားနည်းမှုများကို၊ တိမ်းစောင်းမှုများကို ကျွန်တော်တို့အနေနဲ့ တည့်မတ်ချိန်တန်ပါပြီလို့ ပြည်သူလူထုရဲ့ကိုယ်စား လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဒီနေ့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍတိမ်းစောင်းယိုယွင်းနေခြင်းအပေါ် ထိန်းကျောင်းပေး ပါရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့တိုက်တွန်းသည့်အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆိုရှယ်လစ်အစိုးရခေတ်၊ တရားစီရင်ရေးနဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်း တရားစီရင်ရေးများကို ကောင်းစွာတည်မှီခဲ့ပါတယ်။ လမ်းစဉ်ပါတီအစိုးရလက်ထက်က တရားစီရင်ရေးဟာ သုံးဦးထိုင်တရားစီရင်ရေးဖြစ်ပြီး ဥပဒေ

ပညာရှင်များမဟုတ်ဘဲ ကောင်စီဝင်အလုပ်သမား၊ လယ်သမားများနှင့် သာမန်ပြည်သူများက စစ်ဆေးစီရင်ကြတာဖြစ်ပါတယ်။ ထိုအချိန်ခါက ဥပဒေပြဋ္ဌာန်းချက်အပေါ် အယူအဆမှားယွင်းလို့ တရားလို၊ တရားခံတို့အနေနဲ့ မနိုင်သင့်ဘဲနိုင်တာနဲ့ မရှုံးသင့်ဘဲရှုံးတာတို့ကိုသာကြားရပြီး အထက်ရုံးများကို ကျေနပ်မှုမရှိလို့ အယူခံမှုများ၊ ပြင်ဆင်မှုများတက်တဲ့အခါမှာတော့ ဥပဒေကြောင်းအပေါ် အခြေခံပြီး အမှန်တရားကိုဆုံးဖြတ်ကြတဲ့အတွက်ကြောင့် အရှုံးအနိုင်၊ အမှန်အမှားကို အမှုသည်များ ပြန်လည်ခံစားကြရပါတယ်။ ငွေကြေးလာဘ်လာဘကြောင့် အရှုံးအနိုင်ဖြစ်ခဲ့တယ်လို့ ကြားသိခဲ့ရခြင်း မရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဥပဒေပညာရှင်တွေကို တစ်ဦးထိုင်တရားသူကြီး အဖြစ်ခန့်အပ်ပြီး တရားစီရင်စေတဲ့အခါမှာတော့ တရားသူကြီးတော်တော်များများဟာ အဂတိတရား တွေလိုက်စားစီရင်နေကြတယ်လို့ အသံတွေထွက်နေကြပါတယ်။ တရားရုံးမှာအမှုဖြစ်ပြီဆိုရင် ထီး၊ ဖိနပ်မပါရင်နေပါစေ။ ပိုက်ဆံတော့မပါမဖြစ် ပါရမယ်လို့ ပြောဆိုလာကြတဲ့အချိန် ဖြစ်ပါတယ်။ တချို့ တရားသူကြီးတွေဟာ အမှုသည်များထံ အမှုပြီးလို့ ပေးရမယ့်ငွေအကြွေးကျန်ရင် ကိုယ်တိုင်ဖုန်းဆက်၍ လည်းကောင်း၊ တပည့်များမှလည်းကောင်း အကြွေးတောင်းသလို တောင်းနေကြတယ်လို့လည်း ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးဝန်ထမ်းစာရေးများကလည်း ရုံးချိန်းလာတဲ့အမှုသည်တွေကို ရုံးချိန်းတိုင်းပိုက်ဆံတောင်းပြီး မပေးနိုင်တဲ့အမှုသည်တွေကို ရုံးချိန်ကုန်ခါနီးမှ ရုံးချိန်းပြန်ပေးခြင်း၊ သက်သေမလာလို့ အမှုသည်က ရုံးချိန်းပြန်ပေးဖို့ပြောရင်လည်း ငွေမပေးနိုင်ပါက မကြားချင်ယောင် ဆောင်ခြင်း၊ ရန်စကားပြောခြင်းများကို အမှုသည်များအားလုံး အလူးအလဲခံနေကြရပါတယ်။ ဦးတိုက် လျှောက်ထားတဲ့ပြစ်မှုများနဲ့ တရားမကြောင်းအရလျှောက်ထားတဲ့အမှုများမှာ လျှောက်ထားသူ တရား လိုတို့က တရားခံ၊ တရားပြိုင်နှင့် သက်သေချိန်းဆိုမှုများကို သမ္မန်စာပေးပို့ရမယ့်စာပို့လုလင်များအား ပိုက်ဆံမပေးပါက ရုံးချိန်းတစ်ချိန်းနှစ်ချိန်းထိ ချိန်းမပေးဘဲနေကြပါတယ်။ ဒီလိုဖြစ်နေတာဟာ မြို့နယ် တရားရုံးများနှင့် ခရိုင်တရားရုံးများမှာ သက်ဆိုးရှည်တည်ရှိခဲ့တဲ့ဖြစ်ရပ်များ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ အမှု ဖြစ်ပွားသူတွေသာ အမှုကိုဖြစ်ချင်လို့ဖြစ်ကြတာ မဟုတ်ပါဘူး။ အကြောင်းမညီညွတ်မှုကြောင့် ဖြစ်ကြ တာဖြစ်ပါတယ်။ အမှုသေးသည်ဖြစ်စေ၊ အမှုကြီးသည်ဖြစ်စေ ပေးကမ်းမှုအဆင်ပြေသလို ဖြစ်နေကြပါ

တယ်။ ရာဇဝတ်မှုဖြစ်ပြီဆိုတာနဲ့ အဲဒီအမှုမလွတ်နိုင်ဘူးဆိုရင် ပြစ်ဒဏ်များများမကျအောင် ငွေပေးရသလို နိုင်သူဘက်ကလည်း မိမိစွဲဆိုတဲ့အမှုကိုနိုင်အောင် ငွေပေးနေကြရတာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့တရားရုံးတွေဟာ ရှုံးသူလည်းပေး၊ နိုင်သူလည်းပေးနေရတဲ့ရုံးတွေဖြစ်နေတာ ကြာပါပြီ။ ဒါဟာ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေတဲ့အချက်အလက်တွေ ဖြစ်ပါတယ်။ ဒီဟာတွေကို ဒီအတိုင်း လျစ်လျူရှုထားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အစိုးရပေါ်မှာပါ ပြည်သူလူထုက အမြင်စောင်းပြီး ငြိုငြင်စရာအကြောင်းတွေဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းတဲ့ တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းယိုယွင်းနေခြင်းအပေါ် ထိန်းကျောင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းသည့်အဆိုအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသော တရားစီရင်ရေးကဏ္ဍ တိမ်းစောင်းနေမှုအား ပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းသည့်အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၃-၂-

၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာနက တရားခံလွှဲပြောင်းရေးဥပဒေကြမ်း တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က) ပြည်ထဲရေးဝန်ကြီးဌာနက တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထဲရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးဖြစ်ပါတယ်။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ အာရှ- ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ Asia-Pacific Group on Money Laundry(APG)မှာ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ APG အဖွဲ့ဟာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်သော ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ Financial Action Task Force(FATF) ကဲ့သို့သော ပုံစံတူဖွဲ့စည်းထားတဲ့ အာရှ-ပစိဖိတ်ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ APG အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ APG မှ စေလွှတ်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်းမှာ လာရောက်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအခြေအနေများကို လေ့လာသုံးသပ်ခဲ့ပါတယ်။ အပြန်အလှန်အကဲဖြတ်ရေးအဖွဲ့ရဲ့ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့အစီရင်ခံစာမှာ မြန်မာနိုင်ငံအနေနဲ့ တရားခံလွှဲပြောင်းရေးဆိုင်ရာမူဘောင်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရန် အကြံပြုချက်ပါရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)ရဲ့ ထုတ်ပြန်သော အများပြည်သူသို့ထုတ်ပြန်ကြေညာချက်(Public Statement)မှာလည်း မြန်မာနိုင်ငံအနေနဲ့ တရားခံလွှဲပြောင်းရေးဆိုင်ရာ

မူဘောင်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရန် ပါရှိခဲ့ပါတယ်။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ဟာ မြန်မာနိုင်ငံကို ၂၀၁၁ ခုနှစ်ကစပြီး အများပြည်သူသို့ထုတ်ပြန်ကြေညာချက် (Public Statement)မှာ နှစ်စဉ်ထည့်သွင်းဖော်ပြခဲ့ပေမဲ့လည်း မြန်မာနိုင်ငံရဲ့ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ဖို့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရေးနည်းဥပဒေများ ထုတ်ပြန်နိုင်ဖို့၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံကို ၂၀၁၆ ခုနှစ် ဇွန်လမှာ (Public Statement) ကနေ ပြန်လည်ဖယ်ရှားပေးခဲ့ပါတယ်။ သို့သော်လည်း APG အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာ ထပ်မံလာရောက်အကဲဖြတ်မှာဖြစ်ပါတယ်။ တရားခံလွှဲပြောင်းရေးဆိုင်ရာမူဘောင်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ထားခြင်းမရှိပါက မြန်မာနိုင်ငံကို FATF ရဲ့ Public Statement မှာ ပြန်လည်ထည့်သွင်းလာမယ့် အချက်တစ်ချက်အနေနဲ့ သုံးသပ်သွားမှာဖြစ်တဲ့အတွက် တရားခံလွှဲပြောင်းရေးဥပဒေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၀၄ ခုနှစ်၊ Burma Extradition Act ကို ပြဋ္ဌာန်းထားရှိပြီးဖြစ်သော်လည်း ယင်းဥပဒေဟာ အချိန်ကြာမြင့်လာခဲ့တဲ့အပြင် ယနေ့ခေတ်ကာလနှင့်ကိုက်ညီမှုမရှိတဲ့အတွက် နိုင်ငံတကာစံနှုန်းများ၊ လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် အသစ်ပြင်ဆင်ရေးဆွဲနိုင်ဖို့အတွက် ဦးဆောင်ဝန်ကြီးဌာနသတ်မှတ်ပေးဖို့ နိုင်ငံတော်သမ္မတရုံးကိုတင်ပြခဲ့တဲ့အခါမှာ လုပ်ငန်းများနှင့်ဆက်စပ်မှုရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရန် သတ်မှတ်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဥပဒေပြန်လည်ရေးဆွဲဆောင်ရွက်ရာမှာ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ရဲ့ အကြံပြုချက်များ၊ ကုလသမဂ္ဂ Convention များမှာပါရှိတဲ့ တရားခံလွှဲပြောင်းရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရေးအတွက်ကို ဒေသတွင်းအဖွဲ့အစည်းများဖြစ်တဲ့ အာရှ- ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ဥပဒေပညာရှင်များရဲ့အကြံပြုချက်များ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး ပညာရှင်များရဲ့အကြံပြုချက်များ၊ ပြည်တွင်း/ပြည်ပမှဥပဒေပညာရှင်များရဲ့ ဆွေးနွေးအကြံပြုချက်များကို ရယူရေးဆွဲထားရှိခဲ့ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ အာရှနှင့်အရှေ့အာရှဆိုင်ရာအဖွဲ့အစည်း၊ အမေရိကန်နိုင်ငံ US Fishery Department တို့မှ ဥပဒေပညာရှင်

**မူကြမ်း**

များရဲ့ အတွေ့အကြုံအကြံပြုချက်များနှင့်ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရဲ့သဘောထားမှတ်ချက်၊ အကြံပြုချက်များရယူပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးရဲ့ ဥပဒေအကြံပြုချက်၊ ဥပဒေရေးထုံးများနှင့်အညီ အဆင့်ဆင့်ရေးဆွဲ ဆောင်ရွက်ခဲ့ပါ တယ်။

တရားခံလွှဲပြောင်းရေးဥပဒေကြမ်းမှာ အခန်းခုနစ်ခန်းနှင့် ပုဒ်မပေါင်း ၄၂ ခုပါဝင်ပါတယ်။ အခန်း(၃) တရားခံလွှဲပြောင်းရေးဆိုင်ရာအခြေခံမူများ ပုဒ်မ ၆ မှာ လူ့အခွင့်အရေးကိုကာကွယ် စောင့်ရှောက်နိုင်မယ့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ငြင်းပယ်ရမယ့်အချက်(၉)ချက်ကိုလည်း ထည့်သွင်းဖော်ပြထားရှိပါတယ်။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းမှာ ပြစ်မှု၊ ပြစ်ဒဏ်များပါဝင်ခြင်း မရှိတာဟာ အခြားဥပဒေများနှင့် အဓိကကွာခြားချက်ဖြစ်ပါတယ်။ တရားခံလွှဲပြောင်းရေးကြားနာရာမှာ နိုင်ငံတော်သမ္မတရဲ့ဆုံးဖြတ်ချက်ဟာ အပြီးအပြတ်ဖြစ်တဲ့အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာဆောင်ရွက် နိုင်ဖို့ တရားခံလွှဲပြောင်းရေးခုံအဖွဲ့အဖြစ် ကြားနာဆောင်ရွက်နိုင်ရန်လည်း ရေးဆွဲထားရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီး နောက်ဆက်တွဲဇယား(၁) အပိုဒ် ၂ နိုင်ငံခြားရေးကဏ္ဍ အပိုဒ်ခွဲ(ဆ)မှာ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲ ပြောင်းပေးအပ်ရေးနှင့် သက်ဆိုင်ရာနိုင်ငံမှတောင်းဆိုရေးအချက် ဖော်ပြပါရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ တရားခံလွှဲပြောင်းရေးဥပဒေဟာ နိုင်ငံတော်နှင့်သက်ဆိုင်ရာနိုင်ငံများအကြား ပြစ်မှုကျူးလွန်သူများကို လွှဲပြောင်းဆောင်ရွက်ရာမှာ မိမိနိုင်ငံရဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပြသနိုင်ရန် ရေးဆွဲဆောင်ရွက်ထားရှိခြင်းဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ကပါဝင်လက်မှတ်ရေးထိုးထားတဲ့ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းတိုက်ဖျက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ ၂၀၀၀ ပြည့်နှစ် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများအရ အကောင်အထည်ဖော် ဆောင်ရွက်ရန်တာဝန်ရှိတဲ့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများရဲ့အကြံပြုချက်များအရ မိမိ နိုင်ငံသားများကို ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်၊ လူ့အခွင့်အရေးကိုထိခိုက်မှု မရှိစေဖို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစံနှုန်းများနှင့်အညီ ရေးဆွဲဆောင်ရွက်ထားရှိခြင်း

ဖြစ်ပါတယ်။ ထိုသို့စံနှုန်းများဖြင့် ရေးဆွဲဆောင်ရွက်ထားသော တရားခံလွှဲပြောင်းရေးဆိုင်ရာ ဥပဒေကြမ်းကို တိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးမှာလည်း ရလဒ်ကောင်းတစ်ခုအဖြစ် ဖော်ပြနိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ တရားခံလွှဲပြောင်းရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းများပါ ပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်မှုကို ပြသနိုင်မှာဖြစ်တဲ့အပြင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြသနိုင် မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးပေးနိုင် ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါ တယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ ဖတ်ကြား တင်သွင်းသွားမယ့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်၊ သထုံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဂ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇- ၂၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀(၅၀၈)/ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန် သဘောတူညီချက်အရဖြစ်စေ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၆-၁-၂၀၁၇ ရက်နေ့နှင့် ၆-၂-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါဘူးရှင်။

၄။ သို့ဖြစ်ပါ၍ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇- ၂၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

သို့

ဥက္ကဋ္ဌ

**မူကြမ်း**

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀(၅၀၈)/ပထစ - ၂၀၁၆

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနက အောက်ဖော်ပြပါရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်သည့် သဘောတူစာချုပ်များ အရဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန် သဘောတူညီချက်အရဖြစ်စေ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၆-၁-၂၀၁၇ ရက်နေ့နှင့် ၆-၂-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊

**မူကြမ်း**

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းတွင် အခန်း (၇) ခန်းနှင့် အပိုဒ်ပေါင်း ၄၂ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

တရားခံလွှဲပြောင်းရေးဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း (၁) အပိုဒ် ၂ ရှိ မြန်မာနိုင်ငံက ဆိုသည့်စကားရပ်ကို နိုင်ငံတော်က ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်

(င) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၃ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ထောင်ဒဏ် ၂ (နှစ်) နှစ် ဆိုသည့်စကားရပ်ကို ထောင်ဒဏ် နှစ်နှစ် ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၃ အပိုဒ်ခွဲ (င) ကို အပိုဒ် ၃ အပိုဒ်ခွဲ (စ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ် ခွဲကို တောင်းဆိုခြင်းခံရသူ ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံက အခြားနိုင်ငံ တစ်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုခြင်းခံရသူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၃ အပိုဒ်ခွဲ (စ) ကို အပိုဒ် ၃ အပိုဒ်ခွဲ (ဆ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲကို တောင်းဆိုသည့်နိုင်ငံ ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းပေးရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ရန် တောင်းဆိုသော နိုင်ငံကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(ဇ) အခန်း (၂) အပိုဒ် ၄ အပိုဒ်ခွဲ (ခ) ရှိ နိုင်ငံဖြတ်ကျော်မှုခင်းများအား ဆိုသည့် စကားရပ်ကို နိုင်ငံဖြတ်ကျော်မှုခင်းများကို ဟု ပြင်ဆင်ပါသည်။

(ဈ) အခန်း (၃) အပိုဒ် ၅ အပိုဒ်ခွဲ (က) ရှိ ထောင်ဒဏ် ၂ (နှစ်) နှစ် ဆိုသည့် စကားရပ်ကို ထောင်ဒဏ် နှစ် နှစ် ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၆ ခြေဆင်းရှိ ငြင်းပယ်ရမည် ဆိုသည့် စကားရပ်ကို ငြင်းပယ် နိုင်သည် ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၆ အပိုဒ်ခွဲ (ခ) ကို တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့် ပြစ်မှုသည် စစ်ဘက်ဆိုင်ရာဥပဒေအရ အရေးယူမည့် ပြစ်မှုဖြစ်ခြင်းဟု ပြင်ဆင် ပါသည်။

(ဌ) အခန်း (၄) ခေါင်းစဉ်ရှိ နိုင်ငံတော်ထံသို့ ဆိုသည့် စကားရပ်ကို နိုင်ငံတော်သို့ ဟုပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၇ ခြေဆင်းရှိ အောက်ပါ အချက်အလက်များအား ဆိုသည့် စကားရပ်ကို အောက်ပါအချက်အလက်များကို ဟု ပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၇ အပိုဒ်ခွဲ (က) ရှိ ဓာတုပစ္စည်းနှင့် လက်ဗွေ ဆိုသည့်စကားရပ်ကို ဓာတုပစ္စည်း (DNA) နှင့် လက်ဗွေ ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၇ အပိုဒ်ခွဲ (ဃ) ရှိ စီရင်ပိုင်ခွင့် အာဏာကို ဆိုသည့် စကားရပ်ကို စီရင်ပိုင်ခွင့် အာဏာရှိကြောင်း ဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၁၁ ရှိ နိုင်ငံတော်မှ ဆိုသည့်စကားရပ်ကို နိုင်ငံတော်ကဟုလည်းကောင်း နိုင်ငံတော်သမ္မတထံသို့ ဆိုသည့်စကားရပ်ကို နိုင်ငံတော်သမ္မတထံဟု ပြင်ဆင် ပါသည်။

**မူကြမ်း**

(ထ) အခန်း (၅) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဍ) ရှိ စွဲချက်ကို ဆန့်ကျင်သည့် သက်သေခံချက်များအား တောင်းဆိုခြင်းခံရသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်က ဖြစ်စေ တင်ပြခွင့်မရှိစေရ၊ ခုံအဖွဲ့ကလည်း လက်ခံစဉ်းစားခြင်းမပြုရ ဆိုသည့်စကားရပ်ကို စွဲချက်နှင့်ပတ်သက်၍ တင်ပြခွင့်မပြုရ ဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဏ) ရှိ အမိန့်ရရှိသည့်အခါ တာဝန်ပြီးဆုံးသည် ဆိုသည့် စကားရပ်ကို အမိန့်ရရှိသည်အထိ တာဝန်ရှိသည် ဟု ပြင်ဆင် ပါသည်။

(ဓ) အပိုဒ် ၁၇ ရှိ (၁၅) ရက် ဆိုသည့် စကားရပ်ကို ၁၄ ရက် ဟု ပြင်ဆင် ပါသည်။

(န) အခန်း (၆) အပိုဒ် ၂၆ ခြေဆင်းရှိ ပုဒ်မ ၂၇ အရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၅ အရ ဟု ပြင်ဆင်ပါသည်။

(ပ) အခန်း(၇) အပိုဒ် ၄၁ ရှိ တရားခံလွှဲပြောင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆိုသည့် စကားရပ်ကို တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟု ပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၄၂ ရှိ The Burma Extradition Act.1904 ဆိုသည့် စကားရပ်ကို The Myanmar Extradition Act.1904 ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာနကတင်သွင်းသည့် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၄-၂-၂၀၁၇ ရက်(အင်္ဂါနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၅၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်